ဦးခင်မောင်ကြီး

# ထင်ပေါ်ကျော်ကြား
# သာနှင့်ဝိဓုရား

ကမ္ဘာ့နီတိမှတ်စုပေါင်းချုပ်



Kyaw Swin Latt

31th Oct: '96

ပန်းရွှေပြည်စာစဉ် ။ ၁ ။

ဦးခင်မောင်ကြီး

ထင်ပေါ်ကျော်ကြားစာနှင့်စကား

အမှတ်(၂)နှင့်အမှတ်(၃)

မကြာမီထွက်မည်။

စာပေ

၅၄၊ ၁၂၃ လမ်း၊ ကန်တော်ကလေးစာတိုက်၊
ရန်ကုန်မြို့။

ပထမအကြိမ်

၁၉၉၀ ခုနှစ်၊ ဩဂုတ်လ

၁၈-ကျပ်

၂၀၀၀-အုပ်

အဖုံးရိုက်
ဗမ္မာ့အောင်

အဖုံးပန်းချီ
အေကျော်စွာ

အတွင်းစာသား

ဗမ္မာ့အောင်ပုံနှိပ်တိုက်၊ ဒေါ်ကျင်ငွေ
(၀၃၁၄၆)၊ အမှတ် ၁၊ ရေကူးကန်လမ်း၊
သာသနာ့ရိပ်သာရပ်ကွက်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ပန်းစုံမြိုင်စာသဘင် စာပေတိုက်(၀၁၂၈၅)
ဦးထွန်းရှိန် (ခ) ဦးမင်းလွင်၊ ၈၄၁၊ အောင်သစ္စာ ၃-လမ်း
သာကေတ၊ ရန်ကုန်မြို့။

ဦးခင်မောင်ကြီး
| ရန်ကုန်တက္ကသိုလ် |

# ထင်ပေါ်ကျော်ကြား
# စာနှင့်စကား

မျက်နှာဖုံး ခွင့်ပြုအမှတ်   (၉/၉၀) (၆)
စာမူခွင့်ပြုအမှတ်   (၂၄/ ၈၉) (၆)

အလှတရား

၁။ ရုပ်အဆင်း လှပခြင်းသည် ယောကျ်ား လုစ်သူတို့အတွက် ရာသက်ပန်ရိုးမြေကျ အလှအပဖြစ်နိုင်၏။

အိပ်ချဂျိဝဲလ်

၂။ အလှအပဟူသည် ကား ချစ်သူ ရည်းစား ၏ လက်ဆောင်မွန်ပစ္စည်း ဖြစ်သည်။

ကွန်း၈.ရို(ဖ်)

၃။ အလှအပဟူသည်မှာ ဝိုင်အရက်ထက်ပို၍ မူးယစ်စေတတ်သည်။ ယင်းအလှအပဟူသည်ကား ပိုင်သည့်သူဇရာ၊ ကြည့်မြင်သောသူကိုပါ မူးယစ်စေတတ်သောအရာ ဖြစ်ပါသည်။

ဇမားမန်း

၁၅။ အလှအပဟူသည်မှာ ကျွန်ုပ်တို့၌ရှိသောအကြောင်း အကျိုး ဆင်ခြင်တုံ ဉာဏ်တရားကို ကြည့်လို့မမြင် နိုင် လောက် အောင် စူး ရှ စွာ ထိုး ထွား သော ကောင်းကင်ဘုံမှ အလင်းရောင်ကြီးတစ်ခုဖြစ်ပါ၏။

ချမ့်သဲလ်

၁၆။ ဤကမ္ဘာပေါ်၌ အလှပဆုံးသော အရာများသည် အသုံးမဝင်ဆုံးသော အရာများဖြစ်သည်ဆိုကြောင်း ကို မမေ့အပ်ပေ။ ဥပမာပြရလျှင် ဥဒေါင်းငှက်များ နှင့် ပန်းတို့ ဖြစ်ကြပါသည်။

ရပ်စကင်

၁၇။ ကျွန်ုပ်တို့သည် အလှအပကို ပထမဆုံး မြင်မြင်ချင်း မချစ်အပ်ပါ။ ထိုအလှအပ၌ ချစ်ခင်ဖွယ်ကောင်း သော ဂုဏ်သတ္တိ အရည်အချင်း မရှိခဲ့ပါလျှင် ထို အလှအပကို ချစ်နေခြင်းမှ ရပ်စဲပစ်ရမည်။

လင်ဒါမာရီယာချိုင်း

၁၈။ ဝိုင်အရက်သည် ခန္ဓာကိုယ် အတ္တဘောကြီးအား ယစ်မူးထိုင်းမှိုင်းစေသကဲ့သို့ အလှအပသည်လည်း မျက်လုံးကို ယစ်မူးထိုင်းမှိုင်းစေတတ်ပါသည်။ ယင်း ဝိုင်အရက်ရော အလှအပပါ နှစ်မျိုးလုံးကို စွဲမြဲစွာ လိုက်စားသော် ကိုယ်ကျင့်သိက္ခာ များလည်း ယိုယွင်း ပျက်စီးရတတ်ပါသည်။

ဂျေဂျီဆိစ်

၁၉။ အလှအပကို မှန်ပြင်၏ မြောက်ပင့်မှု၌ တွေ့ရမည်မဟုတ်၊ ချစ်ချင်းမေတ္တာ၌သာ ရှာဖွေတွေ့နိုင်၏။

တဂိုး

၂၀။ ပွင့်ဖတ်များ ခြွေပစ် လိုက်သောအခါ ပန်းပွင့်အလှ ဘယ်မှာကျန်ရှိတော့မည်နည်း။

တဂိုး

၂၁။ အလှပစ္စည်းများသည် စိတ်ကို ပျော်ရွှင်စေ၏။

ကျွန်ကိ

၂၂။ ကြောက်တတ်သူသည် အချစ်ကိုမဖော်ပြနိုင်။ အချစ်သည် ရဲဝံ့သူတို့၏ အရာတည်း။

ဂန္ဒီ

၂၃။ စဉ်းလဲကောက်ကျစ်သောအချစ်
ငါ့အား မျက်ရည်ဖြင့် ကန်းစေခဲ့ပြီ
မျက်စိများသာ အမြင်ကြည်လင်နေလျှင်
သင့်အပြစ်များကို မြင်မည်စိုးသောကြောင့်ပင်။

ရှိတ်စပီးယား

၂၄။ အမုန်းကြောင့်ဖြစ်သောဒဏ်ရာထက်ချစ်သူလျစ်လျူပြုမှုက ပိုနာစေ၏။

ရှိတ်စပီးယား

၂၅။ အချစ်ကို ပြန်တွေးရင်း ချမ်းသာနေချိန်၌ ဘုရင်ကောရာဇ်တစ်ပါးနှင့်ပင် နေရာချင်း မလဲချင်။

ရှိတ်စပီးယား

၂၆။ အချစ်တရား၏ခါးသီးမှုကို ခါးသော်လည်း အချိုဟုပင် ငါမှတ်မည်။

လက်တင်စာဆိုတစ်ဦး

၂၇။ အချစ်သည် ထာဝရတည်သည် ဆိုသော်လည်း၊ စင်စစ်မူ မကြာလှချေ။

ပရိုပါးတီးယပ်စ်

၂၈။ အချစ်စစ်ဟူသည် တောင်းဆိုသမျှ ရရ၊ မရရ အမြဲတမ်းတစ်ပုံစံတည်းရှိသော တရားတစ်ပင်။

ဂွည်ထယ်

၂၉။ ကိုယ့်အပေါ် ကောင်း၍ ချစ်ခြင်းမှာ ကုန်သည် ဆန်လွန်းစွ။

ဂန္ဒီ

၃၀။ ချစ်သူတစ်ယောက် ဆုံးရှုံးခြင်းသည် ညတစ်ည ကုန်ဆုံးသည်လောက် မလေးနက်ပါ။

ဖရက်ဒရစ်ရှီပင်

၃၁။ ချစ်ခြင်းမေတ္တာရှိသောသူသည် ကိုယ်နှင့် စပ်ဆိုင်သော သူ၏အကျိုးကို မဖျက်ဆီးတတ်။ ထို့ကြောင့် ချစ်ခြင်းမေတ္တာသည် အကျင့်တရားနှင့် ပြည့်စုံရာဖြစ်သတည်း။

ရှောမဩြဝါဒစာ

၃၂။ ဆုံးရှုံးခဲ့ရသော အချစ်ဖြင့် ဘဝသည် ပိုပြည့်ဝလာသည်။

တဂိုး

၃၃။ အသေးအဖွဲ့များကို ချစ်သူအတွက် ချန်လှပ်ထား၏။ ကြီးမြတ်ခြင်းများကိုကား အားလုံးအတွက် ထားပါသည်။

တဂိုး

၃၄။ အချစ်စစ် အချစ်မှန်သည် တစ္ဆေနှင့်တူ၏။ လူတိုင်းပြောသော်လည်း လက်တွေ့ကြုံဖူးသူ ရှား၏။

ပြင်သစ်စကားပုံ

၃၅။ ကမ္ဘာကြီးအတွက် နေသည် အရေးပါသကဲ့သို့ လူအတွက် အချစ်သည် အရေးပါ အရာရောက်လှ၏။

ဘော်လဇက်

၃၆။ အချစ်ရေးတွင် ကာယကံရှင်များ တုန်လှုပ်သော တစ်ခါတစ်ရံ၌ ဘေးလူများအတွက် ရယ်စရာ ဖြစ်နေတတ်၏။

.......

၃၇။ ငယ်ရွယ်သူတို့သည် ချစ်သူနှင့်အတူ တွေ့ဆုံရခြင်းထက်၊ ချစ်သူအကြောင်း စိတ်ကူးနေရသည်ကို ပိုမို ပျော်ရွှင်တတ်ကြလေသည်။

ဒေါ်ခင်မျိုးချစ်

၃၈။ အချစ်နှင့်ကင်းသော ဂုဏ်သိက္ခာ၊ စွမ်းရည်၊ စည်းစိမ်သည် အနှစ်မရှိနိုင်။

ဂျွန်ဘူခင်

၃၉။ အချစ်ဓာတ်သည် မည်သည့်အခါ၊ မည်သည့် အတွက် ပေါ်ပေါက်ရှိလာသည်ကိုပင် စင်စစ် မျက်မြင်တွေး၍ မရအောင် လှုကိုလှည့်စားတတ်၏။

ဦးညာဏ

၄၀။ တူညီသော အချစ်သည်သာ ခံစားရသော ပီတိ တရား အားလုံး၏ သရဖူဖြစ်တော့၏။

မိလ်တန်

၄၁။ ပင်္ကိသဘောတည်သော သူတို့မှာ ဖုံးကွယ်၍ မရသလို နှလုံး၌တည်သော အချစ်သဘောသည်လည်း ဖုံးကွယ်၍ မရနိုင်ပါ။

ပီမိုးနင်

၄၂။ အချစ်ဝင်စဖြစ်သူတို့သဘောမှာ၊ အယုံကြည်ရဆုံးသူနှင့် ချစ်သူအကြောင်း စမြုံ့ပြန်၍ ပြောပြနေရခြင်းသည် စည်းစိမ်တစ်မျိုးဟု ထင်မှတ်တတ်ကြလေသည်။

မဟာဆွေ

၄၃။ အချစ်ကို ခံစားနေသူအဖြစ်နှင့် ဉာဏ်ပညာရှိသူအဖြစ်ကို တစ်ချိန်တည်း၌ မည်သူမျှမရနိုင်။

........

၄၄။ ကိုယ့်အပေါ် အချစ်ကုန်ပြီးသော သူတစ်ယောက်ထံသို့ တောင်းပန်တိုးလျှိုးခြင်းသည် ကျပ်တီးကုန်းတွင်ရေတွင်းတူးသည်နှင့် တူချေသည်။

သခင်ဘသောင်း

၄၅။ အသည်းနှလုံးထဲ၌ အချစ်စိတ် ပေါ်လာသောအခါ မျက်စိထဲမှာ သက်တန့်ကိုင်းတစ်ခု ပေါ်လာရသည်။ ယင်း သက်တန့် ကိုင်းကလည်း မည်းနက်သော

တိမ်တောင် တိမ်ထုတိုင်းကို သူ၏အလှန်တောက်ပသော သက်တန့် ရောင်စုံတို့ဖြင့် ဖုံးလွှမ်း ပစ်လိုက်သည်။

တီချာ

၄၆။ မနာလိုဝန်တိုဖြစ်နေသော ချစ်သူသည် သူ၏မီးတုတ်ကို နတ်ဆိုး တစ်ယောက်၏ မီးစဆီမှ မီးကိုကူးယူခြင်း ဖြစ်သည်။

........

၄၇။ နတ်ဆိုးသည် ကောင်းကင်မှ နတ်တမန်နှင့်ညီအစ်ကိုတော် သကဲ့သို့၊ မနာလို ဝန်တိုစိတ် သည်လည်း အချစ်စိတ်နှင့် မောင်နှမတော်ကြသည်။

ဘတ်လားစ်

၄၈။ မနာလို ဝန်တိုစိတ်သည် အချစ်စိတ်နှင့်အတူ အမြဲတမ်း မွေးဖွား ပေါ် ပေါက် လာရခြင်းဖြစ်၏။ (သို့သော် ထိုမနာလိုစိတ် ဟူသည်မှာ အချစ်စိတ်နှင့်အတူတကွ သေဆုံးပျောက်ကွယ်မသွားတတ်ပါ)

ရိုချေဖိုးကော့ဖ်

၄၉။ စိတ်လှုပ်ရှားခြင်းသည် အစဉ်အမြဲတန်း 'သစ်' နေသည်။

ဗစ်တာဟူးဂိုး

၅၀။ မင်း မရှိတဲ့အခါ၊ မင်းကိုသတိရခြင်းမှာ မေတ္တာတရားသည် မှေးစက်ပေလိမ့်မည်။

ရှယ်လီ

၅၁။ အလှနှင့် တည်ဆောက်သောအချစ်သည် မတည်မြဲ။

ဂျွန်ဒေါနီ

၅၂။ မသေသော စစ်သားရှိသော်လည်း၊ သက်ပြင်းမချဘူးသော အချစ်မရှိ။

ဂျော့လစ်တန်

၅၃။ အချစ်စစ်၌ မာယာမရှိချေ။

ရှိတ်စပီးယား

၅၄။ လွမ်းနေရချိန်၌ အချိန်သည် နှေးကွေးစွာ ကုန်၏။
ချစ်နေရချိန်၌ အချိန်သည် ကုန်မြန်နေသည်။

ရှိတ်စပီးယား

၅၅။ ချစ်ခြင်းသည် မည်သည့်အခါမျှ မယူ။
အမြဲပေးသည်သာ။

ဂန္ဒီ

၅၆။ မေတ္တာတရားကို သဘာဝက မသတ်မှတ်ပေးခဲ့လျှင် ဘဝသည် သေခြင်းအလယ်၌ မည်သို့မျှမရှင်သန်နိုင်။

ဂန္ဒီ

၃၇။ ရမက်မရှိသော အချစ်သည် တွေ့ဝေခြင်းသက်သက်သာဖြစ်၏။ ထိုအချစ်မျိုးသည် သဘာဝအားဖြင့် ကြာရှည်ထက်လက်၍ မတည်တန့်နိုင်။

နော်ဗီလင်ကလို့စ်

၃၈။ အချစ်ဆိုသည်မှာ ယောကျ်ားနှင့် မိန်းမနှစ်ဦးသားတို့၏ ဦးနှောက်နှင့် အသည်းနှလုံးကို ဆက်သွယ်ထားသော ကြိုးသေးကြိုးမျှင် ကလေးမျှသာဖြစ်သည်။

ကပ်(ဖ)ကာ

၃၉။ မျက်ရည်အိုင်ထဲသို့ နှစ်မြုပ်လိုက်သောအခါ အချစ်သည် ချစ်စရာအကောင်းဆုံးဖြစ်နေသည်ကို တွေ့ရပေမည်။

စကော့

၄၀။ အချစ်ဆိုသော ပညာသည် စိတ်ကူးဉာဏ်ကူးကို အထူးအသုံးချရသော ပညာတို့တွင် အကြီးမားဆုံးသော ပညာ တစ်ရပ်ဖြစ်ပေသည်။

အက်ဒဝပ်ကာပင်ကာ

၄၁။ အချစ်ဟူသည် စိတ်၏မခိုင်မြဲသည့် သဘောတရားမျှသာ။ 'င'ါ' စိတ်ကို အထိမခံနိုင်လောက်အောင် နူးညံ့သော သဘောမျှသာ ဖြစ်လေသည်။

စီလျှံကွန်ဂရိစ်

၆၂။ အချစ်ဆိုသည်မှာ ဘောင်းဘီအတွင်းသို့ ဆေးလိပ်မီးဖွားကျသကဲ့သို့ အလွန်ပင် အနေရ အထိုင်ရခက်စေသော ဝေဒနာတစ်ရပ်ဖြစ်သည်။

တရုတ်စကားပုံ

၆၃။ အချစ်သည် အမှားအမှန်ကို ပိုင်းခြားဝေဖန်တတ်သော ဉာဏ်ကို အေးစက် ထုံထိုင်းသွားအောင် ပြုလုပ်တတ်ပေသည်။

ဂျော့ဗီလျံကာတစ်

၆၄။ အချစ်ဒုက္ခ ဖိစီး နှိပ်စက် ခံရသော ဒုက္ခသည် အားလုံးသော အခြားအခြားပျော်ရွှင်မှုသုခတို့ထက် ပိုပြီး အရသာခံ၍ ကောင်းလှပေသည်။

ဂျွန်ဒိုင်ဒင်

၆၅။ တစ်ခါတလေကျတော့လဲ မျက်ရည်များသည်စကားလုံးတွေလောက် ထိရောက် တာသွားလှပေသည်။

အိုဗစ်(ဒ)

၆၆။ အချစ်အတွက် ငိုကြွေးစမ်းပါ၊ သို့သော် စိတ်ဆိုးသည့်အတွက်တော့ မငိုပါနှင့်။

ဒန်ကာင်

၆၇။ အသည်း နှလုံးသည် အချစ်နှင့် ပတ်သက်သော စကားလုံးများကို ပွဲတင်ထပ်အောင် လုပ်ပေး တတ်သည်။

မင်းဒီကရှုဒန်းနား

၆၈။ အချစ်ဟူသည်မှာ သဘာဝ၏ ဝိုင်အရက်ဖြစ်သည်။

ဘီချာ

၆၉။ အချစ် ဟူသည် သက်ပြင်း ချသံ တစ်ချက်ကို အကောင်းဆုံး အဓိပ္ပာယ် ဖွင့်ဟပြောဆိုတတ်သော အကောင်းဆုံး ဘာသာပြန်ဆရာဖြစ်သည်။

အန်တိုနီဘရက်

၇၀။ အချစ်စိတ်ဝင်နေသော ယောကျ်ားတစ်ယောက်ကို ဆန့်ကျင်ဘက် ပြုလုပ်လိုက်ခြင်းသည် မီးပုံးထဲသို့ ခါတ်ဆီ လောင်းထည့်သကဲ့သို့ ဖြစ်သည်။

ဝီးဒါ

၇၁။ အချစ်ဟူသည်မှာ ဒီရေအတက်အကျ ရှိသည်။

ဟယ်လင်တန်

၇၂။ ကျွန်ုပ်သည် လျှော့၍သာချစ်နိုင်ခဲ့လျှင် ယခုအခါ၌ ကျွန်ုပ်သည် ပို၍ ပျော်ရွှင်နေပေတော့မည်။

ဘိုင်လီ

၇၃။ အချစ်ကိုစွန့်ပစ်တတ်သက်လျှင် ဒေါသသည် အမြဲတမ်း မွှားတတ်သည်။

ပြူးဗလပ်ဆိုင်ရပ်စ်

၇၄။ အို....အသည်းနှလုံး၊ အချစ်ဟူသည်မှာ သင့်အတွက် အဆိပ်အတောက်လည်း ဖြစ်ပါသေးသည်။

မဒမ်ဒူဒီဗင့်

၇၅။ အချစ်ဟူသည်မှာ ကျွန်ုပ်တို့အား နတ်မိစ္ဆာဆိုးများ ဖြစ်အောင် လုပ်တတ်သလို နတ်ကောင်း နတ်မြတ် များ အဖြစ်သို့ ရောက်အောင်လည်း လုပ်ပေးတတ် သည်။

ချားစ်ကင်းစလီ

အားလုံးသော အချစ်စစ်–အချစ်မှန် ဟူသရွေ့
၇၆။ တို့သည် တစ်ဦးနှင့် တစ်ဦး လေးလေးစားစား အရေးထားခြင်း အပေါ်မှာ အခြေစိုက် ထားခြင်း ဖြစ်သည်။

ဘက်ကင်းဟန်

၇၇။ တစ်စုံတစ်ယောက်သည် အမြဲတမ်း မိမိ၏ ချစ်သူ ထံသို့ ပြန်ရောက်သွားတတ်သည်။

စိန့်ဂျက်(စ်)

၇၇။ ယောကျ်ားများမှာ အလိုရမက် ပြင်းပျခြင်းမှ အချစ်စိတ်ကို မွေးဖွားပေါ်ပေါက်လာတတ်သည်။ မိန်းမများမှာမူ ချစ်ပြီးတော့မှ အလိုဆန္ဒ ရမက် ဟူ၍ ပေါ်ပေါက်လာရသည်။

ဆွတ်ဖ်

၇၉။ အချစ်သည် သူ့ဟာသူ အလိုအလျောက် ပေးတတ်သော်လည်း ငွေပေး၍ ဝယ်ယူမရနိုင်ပါ။

လောင်းဖဲလိုး

၈၀။ ကျွန်ုပ်တို့၏ ပထမဆုံးနှင့် နောက်ဆုံး အချစ်သည် ကိုယ့်ကိုယ်ကိုချစ်သော ... တ္တအချစ်သာ ဖြစ်သည်။

ဘိုဗီ

၈၁။ အချစ်စစ် အချစ်မှန်ဟူသည် ဘဝ တစ်သက်တာ အတွင်း၌ မှည့်ရှမ်းသော သစ်သီးဖြစ်သည်။

လာမာကင်း

၈၂။ ကျွန်ုပ်တို့၏ မျက်လုံးမှာ အနည်းငယ် ကလေးမှ အပြစ်အနာအဆာကို မခံနိုင်သကဲ့သို့ အချစ်စစ် အချစ်မှန် ဆိုသည်မှာလည်း ထိုနည်း လည်း ကောင်းပင် ဖြစ်၏။

လာဗာဘာ

၈၃။ တစ်ဘဝတာ၏ အကြီးမားဆုံးသော ပျော်ရွှင်မှုကြီးသည် အချစ်ပင်ဖြစ်သည်။

ဆာဒဗလျူ၊ ကင်းဝဲလ်

၈၄။ အချစ်တုံ အချစ် ယောင်သည် စုံကန်းနေသော အကန်းမျှသာ ဖြစ်သည်။

ဂျော့ဖေကွာ

၈၅။ မောင်လို နှမလို ရိုးရိုးသားသား ချစ်ကြသည် ဆိုသောအချစ်ကား လက်တွေ့မပါသော အတွေး အခေါ်မျှသာ ဖြစ်သည်။ အမိပ္ပာယ်ကင်းမဲ့သော အရာဖြစ်သည်။

ရစ်ချတ်ဆန်

၈၆။ အချစ်၏ အချိုမြိန်ဆုံးသော အနက် အဓိပ္ပာယ် များမှာ စကားမပြောဘဲ တုံ့ဏှုံ ဘာဝေ ခပ် မဆိတ် နေခြင်းပင်တည်း။

ဘိုဗီ

၈၇။ အချစ်တည်းဟူသော သဒ္ဒါ ကျမ်းစာအုပ်ထဲတွင် ညီတူညီမျှ ဖြစ်ခြင်းဆိုသော သဒ္ဒါစည်းကမ်းဟူ၍ မရှိချေ။

ဗြူးမောင့်နှင့် ဖလက်ချာ

၇၇။ အချစ်သည် မိန်းမ တစ်ယောက်၏ နူးညံ့သိမ်မွေ့သည့် စိတ်သဘောကို လျော့ပါး ဆုံးရှုံးစေ၍ ယောကျ်ား၏ သိမ်မွေ့သော စိတ်သဘောကို တိုးပွားစေသည်။

ဂျင်းပေါလ်ရစ်(ချ)တာ

၇၉။ ချစ်သူများ မကြာခဏရန်ဖြစ်ခြင်းသည် အချစ်စိတ်ကို ပြန်လည် ဆန်းသစ်စေသည်။

ကယ်ရင်(နု)

၈၀။ မြတ်နိုးမှုမရှိသော အချစ်သည် ပြောင်းလဲတတ်လွန်းသဖြင့် စိတ်မချရဘိသကဲ့သို့ပင်၊ မချစ်ဘဲနှင့် မြတ်နိုးနေခြင်းသည်လည်း စိတ်ဝင်စားမှုမရှိဘဲ ထုံထိုင်းအေးစက်စက်နိုင်တတ်သည်။

ဂျွန်ဆင်

၈၁။ အချစ်စိတ် ဟူသည်မှာ လေနှင့် တူ၍ လေသည် ဘယ်အချိန် ဘယ်အကြောင်းကြောင့် ထ၍တိုက်ခတ်လာသည်ဆိုခြင်းကို မည်သူမှ မသိရှိကြချေ။

ပက်မိုး

၈၂။ အသိပညာရှိသော ရင်ထဲ နှလုံးသားထဲသို့ အချစ်သည် အလည်အပတ်ရောက်ရန် ခဲယဉ်းလှပေသည်။

ပုပ်ရဟန်းမင်းကြီး

၉၃။ တစ်ယောက်နှင့် တစ်ယောက် ခင်မင်နေရာကနေ ချစ်သွားတတ်ကြသော်လည်း တစ်ယောက်နှင့် တစ်ယောက် ချစ်နေရာကနေ ခင်မင်ခြင်းသို့ ဘယ်တော့မှ မကူးပြောင်းတတ်ချေ။

ကော်(လ)ထွန်

၉၄။ အောင်မြင်သောအချစ်ဆိုသည်မှာကား ကျွန်ုပ်တို့၏ အသည်းနှလုံးပေါ်မှ ဝန်ထုပ် ဝန်ပိုးကြီးများကို ပစ်ချလိုက်ပြီး ၎င်းအထုပ်ကိုကျွန်ုပ်တို့၏ပခုံးပေါ်သို့ တင်ပေးခြင်းတစ်မျိုးဖြစ်၏။

ဘိုမီ

၉၅။ ဘုံးဘောလအော အဲရှမ်း ချစ်တတ်လျှင် အချစ်ဆိုသည်မှာ သေဆုံးသွားတတ်ပြီး မေ့လျော့ခြင်းက ၎င်းအချစ်ကို မြေမြှုပ်သင်္ဂြိုဟ်ပစ်တတ်သည်။

ဒူကူးရား

၉၆။ ထုံပုန်းရွှေ၏ ယဉ်ပါခြင်း၊ လူငယ်၏ ချစ်ခြင်းမေတ္တာ၊ မြင်းတစ်ကောင်၏ ကျန်းမာခြင်းနှင့် ပြည့်တန်ဆာ တစ်ယောက် ကျိန်ဆိုချက် တို့ကို ယုံသောသူသည် အရူးသာ ဖြစ်သည်။

သိုးဆောင်းစကားပုံ

၉၇။ အချစ်ဆိုသည်မှာ စိတ်အားထက်သန် ပြင်းထန်သော သက်ပြင်းချသံများမှ ထွက်ပေါ်လာသော အခိုးအငွေ့တစ်ခု ဖြစ်သည်။

ရှိတ်စပီးယား

၉၈။ ဘယ်လောက်များ မင်း နည်း ဖွယ် ကောင်း လှ တဲ့ လောကကြီးလဲ၊ ကျွန်ုပ်တို့မှာ အချစ်ရှိလျှင် ဒုက္ခဖြစ်ကြရပြီ၊ ကျွန်ုပ်တို့မှာ အချစ်မရှိလျှင်လဲ ဒုက္ခဖြစ်ကြရပါသည်။

ကောင့်ဒိမေးစတာ

၉၉။ မိမိက အချစ်ခံရဖို့အတွက် သူတစ်ပါးအားချစ်ခြင်းသည် လူသားဆန်ပါသည်။ မိမိက သူတစ်ပါးအား ချစ်ဖို့ရန်အတွက် ကိုယ်ကချစ်ခြင်းသည် နတ်ဘုံကဲ့သို့ ကောင်းမွန် မြင့်မြတ်ပါသည်။

လာမားကင်း

၁၀၀။ အချစ်ဟူသည်မှာ အရာရာတိုင်းတို့၏အစလည်းဖြစ်၊ အလယ်လည်းဖြစ်၊ အဆုံးလည်း ဖြစ်ပါသည်။

ကော်ဒဲလီ

၁၀၁။ ဤကမ္ဘာကြီးတွင် ယောကျ်ားတစ်ဦးထံသို့ ရောက်လာတတ်သော အဖိုးတန် ဆုံး ကိုယ်ပိုင်ပစ္စည်းရတနာကား မိန်းမတစ်ယောက်၏ အသည်းနှလုံးပင်ဖြစ်၏။

ဂျီပိုလန်

၁၀၂။ ပစ္စည်းဥစ္စာဆိုသည်မှာ ထွက်ပြေး လွင့်ပါသွားတတ်ပြီး စည်းစိမ်ဟူသည်မှာ ပျောက်ကွယ်သွားတတ်သည့်အပြင် မျှော်လင့်ချက်ဆိုသည်မှာလည်း ဆုံးရှုံးပျောက်ကွယ်သွားတတ်ပေသည်။ သို့သော် အချစ်ဟူသည်မှာကား ယင်းကဲ့သို့သော အရာများကဲ့သို့မဟုတ်မူဘဲ ကျွန်ုပ်တို့နှင့် အတူတကွ ရှိနေတတ်ပါသည်။ အချစ်ဆိုသည်ကား ဘုရားသခင်ပင်ဖြစ်၏။

လျူးဂေါလေ့စ်

၁၀၃။ ကျွန်ုပ်တို့သည် တစ်ကြိမ်တည်းသာလျှင် အသည်းထဲအူထဲက နှစ်နှစ်ကာကာချစ်တတ်ကြပြီး ယင်းအချစ်မှာလည်း ဘေ့ဆော်ဦးပထမအကြိမ် (အချစ်ဦးဘဝ) တုန်းက ဖြစ်သည်။

လာပရူရဲလ်

၁၀၄။ အချစ်ဟုသည်မှာ ဝက်သက်ပေါက်သော ရောဂါကဲ့သို့ အသက်ကြီးမှ ထိုအချစ်ရောဂါ ကပ်ရောက်လာပါလျှင် ပို၍ဆိုးရွားသည်။

ဈာအို

၁၀၅။ အချစ်ဆိုသည်ကား ၎င်း၏ ချိုသာ ရှန်းမြသော စိတ်ဆန္ဒနယ်မြေမှ ကျော်လွန်၍ ဘာဥပဒေမျှ နားမလည်တတ်ပါ။

ဝတ်ကဲယား

၁၀၆။ သစ္စာမရှိသောအချစ်သည် အချစ်မပါသော သစ္စာ တရားကဲ့သို့ပင် ဆိုးရွားလှပေသည်။

ဘီချာ

၁၀၇။ အချစ် ဟူသည်မှာ ဆွတ်ပျံ့ဖွယ် ကောင်းလှသော စိတ်ကူးယဉ်နတ်သမီးပုံပြင်ထဲမှ မွေးဖွားပေါ်ပေါက် သည့် သစ္စာတရားသာ ဖြစ်သည်။

ကယ်လေးရန် (ဒ)

၁၀၈။ အပျိုစင်ကလေး၏ ချွန်ထက်သော အချစ်လက်နက် သည် ရှက်ကြောက်နေခြင်းကြောင့် တုံးသွားလေပြီ။

ကာဗန်တစ်

၁၀၉။ အချစ်နှင့်အလိုဆန္ဒရမက်နှစ်ခု ပေါင်းစပ်လိုက်သော အခါ မကောင်းဆိုးဝါး နတ်မိစ္ဆာ၌ အတောင် ပံများ တပ်ပေးလိုက်သလို ဖြစ်ပြီး ကြီးမားသော အပြုအမူများသို့တိုင်အောင် ပြုမူတတ်သည်။

ဂို့ (တ်)

၁၁၀။ တစ်စုံတစ်ဦးသော လက်မောင်းထဲ၌ ယင်းကဲ့သို့ မြတ်နိုး စုံမက်ဖွယ်ရာ ကောင်းလှသည့် သတ္တဝါ တစ်ဦးကို ပွေ့ဖက်ထားရသည်မှာ ကောင်းကင်

ဘုံမှ ဆုချလိုက်သော အကောင်းဆုံး လက်ဆောင်မွန် တစ်မျိုး ဖြစ်၏။

ဂို့(တ်)

၁၁၁။ အချစ်၏ အကျိုးအာနိသင် တန်ခိုး သတ္တိများကို ပုံကြီးချဲ့၍ သရုပ်ဖော် ပြောပြစမ်းပါဆိုလျှင် နေရောင်ထဲမှ ဖယောင်းတိုင် မီးထွန်းသလို ဖြစ်နေပါလိမ့်မည်။

ရောဘတ်ဘာတွန်

၁၁၂။ ဘဝဟူသည် အိပ်ခြင်းဖြစ်၍ အချစ်ဟူသည် အိပ်မက်ဖြစ်သည်။ သင်ချစ်ပြီးလျှင် သင်သည် အသက်ရှင်နေထိုင်ပြီး ဖြစ်တော့သည်၊

အဲဖရက်ဒီမေဆက်

၁၁၃။ အချစ်သည် အားလုံးသောအရာကို လွယ်ကူချောမောအောင် လုပ်ပေးသည်ဆိုခြင်းမှာ မှားပါသည်။ အချစ်သည် ကျွန်ုပ်တို့အား ခက်ခဲနက်ရှိုင်းသော အရာကို ရွေးချယ်ခိုင်းတတ်သည်။

ဂျော့အဲလော့

၁၁၄။ သတ္တဝါအားလုံးကို လုပ်ကျွေးပြုစုပါ။ သို့သော် တစ်ယောက် တည်းကိုသာ မေတ္တာရှိပါ။ ဤလက်

သုံးစကား ဆောင်ပုဒ်မှာ ရှေးတုန်းက သူရဲကောင်း
များနှင့် ပညာရှိများ၏ လက်သုံးစကား တစ်ရပ်ပင်
ဖြစ်၏။

ကဲယ်ဇော့စ်

၁၁၅။ ယောကျ်ားနှင့် မိန်းမများတို့သည် တစ်ခုတည်း
သော ဘာသာရေးဖြစ်သော အချစ် အယူဝါဒ
ရှေ့မှာ အသက်ရှင်လျက်ရှိကြသည်။

မစ္စချမ့်ဝဲလ်ပရက်ဒ်

၁၁၆။ အချစ်ဟူသည်မှာ ကျွန်ုပ်တို့နှင့် အတူတကွ သင်္ချိုင်း
ဟိုမှာဘက်သို့ ကျော်သွားသည့်တိုင်အောင် ယူ
ဆောင် သယ်ပိုးသွားနိုင်သည့် တစ်ခုတည်းသော
ပစ္စည်းဖြစ်သည်။

မူဒမ်နစ်ကာ

၁၁၇။ အိမ်ထောင် ပြုလိုက်ခြင်းထက် ချစ်နေရသော အချစ်
က ပို၍ နှစ်သက်ဖွယ်ရာ ကောင်းပါသည်။
အကြောင်းမှာ အချစ်ဝတ္ထုများသည် ရာဇဝင်
စာအုပ်များထက် ပို၍ စွဲမက်ဖွယ် ကောင်းသော
ကြောင့် ဖြစ်၏။

ချမ်ဖော့

၁၁၈။ ဂီတသည် အချစ်၏ အာဟာရတစ်ခု ဖြစ်လျှင် ယင်း ဂီတကို တီးမှုတ်ပေးစမ်းပါ။ ယင်း အချစ်အာဟာရ ကို စားပိုးနင့်အောင် ဝဝကြီးစားပါစေ။

ရှိတ်စပီးယား

၁၁၉။ အချစ်သည် အပြစ်များကို မမြင်တတ်ပါ။ အချစ်ကို ဖန်တီး၍ လည်းကောင်း၊ ဖျက်ဆီး၍ လည်းကောင်း၊ မရနိုင်ပါ။ သူ့ဘာသာသူ ဖန်တီး ဖြစ်ပေါ်လာ သော အရာသာဖြစ်၏။ အချစ်သည် အဆွေ့ အတွက် အနုပညာ တစ်ရပ်ဖြစ်၍ ကျွန်ုပ်အတွက်ကား ဘဝ တစ်ခုပင် ဖြစ်တော့သည်။

သိုးဆောင်းစကားပုံ

၁၂၀။ သစ္စာရှိသော အချစ်သည် လှျို့ဝှက်ချက် မရှိဘဲ ဟာလာဟင်းလင်းဖွင့်ထားသည်။

စပိန်စကားပုံ

၁၂၁။ အချစ်သည် အနုပညာ အားလုံး၏ နည်းပြဆရာ ဖြစ်သည်။

အီတလီစကားပုံ

၁၂၂။ တစ်ဦးနှင့်တစ်ဦး တုံ့ပြန်၍ ချစ်ရသော အချစ်မျိုး မရှိခြင်းသည် ဖြေစရာ အဖြေမရှိသော မေးခွန်း တစ်ခုနှင့်တူ၏။

ဂျာမန်စကားပုံ

၁၂၃။ ဂျက်ကွစ်။ သူမရဲ့ အရပ်အမောင်းက ဘယ်လောက် ရှိသလဲ။
အော်လင်ဒို။ ငါ့အသည်းနှလုံးလောက် ရှိပါတယ်။

ရှိတ်စပီးယား

၁၂၄။ ယောကျ်ားများက မိန်းမများကို လိုက်လံပိုးပန်း ကြသောအခါ၊ ထိုယောကျ်ားများသည် ဧပြီလ အချိန်အခါကဲ့သို့ ပူပူနွေးနွေး ရှိပြီး ချစ်သူနှင့် လက်ထပ် လိုက်သောအခါ၌ မူကား ဒီဇင်ဘာလ အခါကဲ့သို့ အေးစက်စက် ဖြစ်သွားတတ်ကြသည်။

ရှိတ်စပီးယား

၁၂၅။ သင့်ကို အချစ်လျော့ နေသူများအား အပြုံးပေး လိုက်ပါ။ ဒါပေမယ့် ကိုယ့် အတွက်တော့ သင့် မျက်ရည်များကို ချန်ထားပါဦး။

သောမတ်(စ)မိုး

၁၂၆။ **အချစ်စစ်** အချစ်မှန်အဖြစ် ချစ်ခင်ကြသော ချစ်သူ နှစ်ဦးကြားတွင်ကွန္ဒြေကြီးတစ်ခွဲသားနှင့်ဟန်ဆောင် ထိန်းသိမ်းခြင်းမျိုးမရှိစေရပါ။

အဲလန်ပိုတာ

၁၂၇။ စိတ္တဇရောဂါရှင် (အရူး)ရယ်၊ ချစ်သူရယ်၊ထို့ပြင် ကဗျာဆရာရယ်။
ဤသုံးဦးတို့သည် စိတ်ကူး စိတ်သန်းများကို ချုပ်ဆို ထားသော စာချုပ်စာတမ်းများ ဖြစ်ကြ၏။

ရှိတ်စပီးယား

၁၂၈။ ယောကျ်ားဆိုသူများသည် သူတို့၏ အချစ်ဦးဖြစ်သူ ကများ သစ္စာမရှိခဲ့လျှင် ထိုအချစ်ကို ဘယ်တော့မှ မေ့မရကတ်ကြပေ။

မောရီကီဒ့ါးလပ် (စ်)

၁၂၉။ တစ်ယောက်နှင့် တစ်ယောက် တွေ့သည်နှင့် တပြိုင် နက် ကြည့်ကြ၊ ကြည့်ပြီး သည် နှင့် တပြိုင်နက် ချစ်ကြိုက်ကြ၊ ချစ်ကြပြီးသည်နှင့် တပြိုင်နက် သက်ပြင်းချကြ၊ သက်ပြင်းချပြီးလျှင် ပြီးချင်း တစ်ယောက်နှင့် တစ်ယောက် အကျိုးအကြောင်း မေးမြန်းကြ၊ တစ်ယောက်နှင့် တစ်ယောက် အကျိုး အကြောင်းသိပြီးလျှင် ပြီးချင်း ၎င်းတို့ (ဖို-မ) နှစ်ဦးစလုံး ဖြေဆေးရှာဖွေကြရတော့မည်။

ရှိတ်စပီးယား

၁၃၀။ ယောကျ်ားတစ်ယောက်သည်သူ၏အချစ်အကြောင်း ကို သူ့ပါးစပ်မှ ပြောနေသရွေ့ ကာလပတ်လုံး

သူ့မှာ အနတ္တရာယ်ဟူ၍ မှုမှန်မျှမရှိချေ။ သို့သော် သူ၏ အချစ်အကြောင်းကို လက်မှ ရေးသား၍ မှတ်တမ်းတင်မိပြီဆိုသည်နှင့်တစ်ပြိုင်နက်ကိုယ့်သည် ပင်းကိုကိုယ် ကြိုးကွင်းတပ်၍ သတ်သည်နှင့်မခြား ဖြစ်ပါတော့သည်။

ဂျာရိုးဒ်

၁၃၁။ လောကုတ္တရာနှင့် ဆိုင်သော ဗြဟ္မစိုရ် တရားထဲမှ မေတ္တာဟူသည်ကား မြင့်မြတ်သော ပန်းပွင့်တစ်ပွင့်နှင့် တူပါသည်။ ထိုပန်းပွင့် ဖူးငုံစအချိန်၌ပန်းပွင့်ထဲတွင် ပျော်ရွှင်ခြင်း တည်ရှိ၍ ကားကားစွင့်စွင့် ပွင့်လာသောအခါ၌မူကား သုခချမ်းသာခြင်းအစစ်အမှန် တည်ရှိပါသည်။

ဟာမေး

၁၃၂။ တကယ့် မေတ္တာစစ်နှင့် သစ္စာရှိရှိ ချစ်တတ်သော ချစ်သူမှန်သမျှတို့သည် မိမိတို့၏ ပျော်ရွှင်မှုသုခ အကြောင်းကို စာနှင့်ရေးသား၍ မှတ်တမ်းမတင်ကြချေ။

အနာတိုဖရန့်

၁၃၃။ အချစ်သည် အတ္တဟူသော 'ငါစွဲ'မှအသည်းနှလုံးကို ခွဲထုတ်၍ သန့်စင် ဆေးကြောပေးသော အရာ ဖြစ်

သည်။ ထိုအချစ်သည် လူတစ်ဦး၏ အကျင့်စာရိတ္တကို ပို၍အားကောင်းပြီး မြင့်မြတ်သည်ထက်မြင့်မြတ်အောင် လုပ်ပေးတတ်ရုံမျှမက ဘဝတစ်လျှောက်လုံး၌ မြင့်မားသော ရည်ရွယ်ချက်ကိုလည်း မြင့်မြင့်မားမား ကြံတတ် ဖန်တတ်အောင် လုပ်ပေးတတ်သည်။ ထို့အပြင် မိန်းမ ယောကျ်ား နှစ်ဦးလုံးအားသည် အားရှိအောင်၊ မြင့်မြတ်အောင်၊ သတ္တိရှိအောင် ပြုလုပ်ပေးတတ်သည်။

မစ်ဂျူးစဗာရီ

၁၃၄။ ဆင်ခြင်တုံ ဉာဏ်တရားဖြင့် အလွန်တရာမှ သတိထားတတ်သော ချစ်သူတစ်ဦးသည် လုံးလုံးချစ်တတ်သူ အစစ်တစ်ယောက် မဟုတ်ပေ။

သောမတ်ဟာဒီ

၁၃၅။ ပန်းပွင့်ဟူသမျှတို့သည် ချစ်သူတို့၏ အစစ်မှန်ဆုံးသော ဘာသာစကားရပ်များ ဖြစ်ကြ၏။

ဘင်ဂျမင်

၁၃၆။ မိန်းမတစ်ယောက်သည် မည်မျှလောက် ဉာဏ်ပညာထိုင်းမှိုင်းစေကာမူ၊ အချစ်ရေးရာများကို အားလုံးနားလည်ပါသည်။ ယောကျ်ား တစ်ယောက်သည်

မည်မျှပင် ဗဟုသုတ ပြည့်စုံစေကာမူ အချစ်အကြောင်းကို တစ်ဝက်မျှလောက် မသိတတ်သူ ရှိသေးသည်။

မဒန်ဖီး

၁၃၇။ အချစ်ဟူသည် ဇောနှင့် လောဘတကြီး တွန်းဖတ်ရသော နှစ်သက်ဖွယ်ကောင်းသည့် စိတ်ကူးယဉ်ဝတ္ထုမျိုး ဖြစ်သည်။ ယင်းသို့ ဇောနှင့် ဖတ်ရှုရာ၌ ဝတ္ထုအဆုံးသို့ မြန်မြန်ရောက်အောင် စာမျက်နှာပေါင်းများစွာကို လှန်ကျော်၍ မကြာခဏ ဖတ်ကြသည်။

ဆဲလ်ဗီယန်မဲချယ်

၁၃၈။ အသည်းနှလုံးဟူသည်မှာ လူနေထိုင်ရန် ဘုံဗိမာန်ထဲ၌ အချစ်ဟူသော ကြယ်ကလေးတစ်လုံးသာ ပေါ်နေခဲ့လျှင် နေရာကျယ်ကျယ် ဝန်းဝန်းကြီးလည်း ရှိရန်မလိုပါ။ ထို့ပြင် အခြားကြယ်ပွင့်တွေလည်း ထွန်းလင်းပေးရန် မလိုပါ။

ရစ်ချ်ကာ

၁၃၉။ ဘာကြောင့် မွေးဖွားလာရသလဲဆိုတာ ကလေးကို မေးစမ်းပါ။ ဘာကြောင့် ဖူးပွင့်လာကြသလဲဆိုတာ ပန်းပွင့်တွေကို မေးကြည့်ပါ။ ဘာကြောင့်များ

ထွန်းလင်း တော့က်ပ ရှာသလဲဆိုတာ နေမင်းကို မေးကြည့်ပါ။ ကျွန်ုပ်ကတော့ မင်းကို ချစ်ကိုချစ်ရမှာမို့ ကျွန်ုပ်က မင်းကိုချစ်ရပါတယ်။

ဂျော့ပီအပ်(ပ)တွန်

၁၄၀။ အချစ်ဟူသည်၌ ဘယ်သောအခါမှ ကျိုးကြောင်းအမှန် ဆင်ခြင်တုံတရား ဟူ၍ လုံးဝမရှိချေ။ သို့သော်လည်း အချစ်ဟူသည်မှာ ဖြုန်းတီးတတ်သော သူဌေးသားတစ်ဦးက သူ့မှာရှိသမျှ ပစ္စည်းအားလုံးကို ပေးတတ်သလို အချစ်စိတ် ဝင်လာလျှင်လည်း အားလုံးပေးပစ်တတ်သည်။

ဟာန်းမိုး

၁၄၁။ ဘဝသည် ပန်းကလေးဖြစ်၍ အချစ်သည် ပန်းဝတ်မှုန် ပျားရည် ဖြစ်သည်။

ဗစ်တာဟူးဂိုး

၁၄၂။ သက်တမ်းနုနယ်သောအချစ်သည် မီးတောက်ကဲ့သို့ အလွန်လှ၏။ အလွန်လည်း ပူ၏။ အလွန်လည်း ပြင်း၏။ သို့သော် လှုပ်ရှားတတ်၍ ပေါ့ပါးလွန်းလှ၏။ ရင့်မာ၍ နည်းလမ်းကျသော အချစ်ဟူသည်မှာ မီးသွေးမီးကဲ့သို့ စွဲမြဲငြိမ်သက်စွာ တောက်လောင်တတ်၏။ သို့တစေ အလွယ်တကူကား မငြိမ်းတတ်ပေ။

ဘီးချာ

၁၄၃။ အချစ်ဟူသည်မှာ အားလုံးသော အားတိုးဆေးတို့အနက် အစွမ်းအထက်ဆုံးသော အားတိုးဆေးတစ်လက်ဖြစ်သည်။ အန္တရာယ်နှင့်တွေ့လျှင် ဖြုတ်ထိုးဉာဏ် ထွက်လာတတ်သကဲ့သို့ အချစ်အားတိုးဆေးသည်လည်း တစ်စုံတစ်ယောက်ကို ဖြုတ်ထိုးဉာဏ်ထွက်လာစေနိုင်၏။ မုန်းတီးခြင်းသည်လူတစ်ယောက်ကိုမှတ်မိစေနိုင်သကဲ့သို့ အချစ်အားဆေးသည်လည်း မှတ်ဉာဏ်ကို ထက်မြက်စေရုံမက ရည်ရွယ်ချက်ရှိသူသည် ရှေ့သို့တိုးလိုသော ဆန္ဒရှိသကဲ့သို့ အချစ်အားဆေးသည်လည်း ရှေ့သို့သာ တိုးတက်စေအောင် လုပ်ပေးနိုင်၏။ အချစ်အားဆေးသည် ဝိုင်အရက်ကဲ့သို့ပင် လူတစ်ယောက်ကို မူးယစ်ဝေသီအောင်လည်း လုပ်နိုင်ပေသေးသည်။

အောဂ်ီအက်ဒဝပ်

၄၄။ ငယ်ရွယ်သော လူပျိုကလေး၏ ပထမဦးဆုံးသော အချစ်လက္ခဏာမှာ ရှက်ကြောက်သော အမူအရာကို ပြတတ်ပြီး၊ မိန်းမပျိုလေးတစ်ယောက်ကမူ ရဲရင့်သော အမူအရာကို ပြတတ်သည်။

ဗစ်တာဟူးဂိုး

၁၄၅။ ထိုမျှ သေးငယ်သော မျက်နက်အိမ်ဝန်းထဲဝယ် ချစ်မေတ္တာ၊ ဒေါသ၊ မာန၊ လောဘတရားများ ပြေးလွှားလှုပ်ရှားနေကြသည်မှာ အထင်အရှားပင် ဖြစ်၏။

အက်ဒ်ီဆင်

၁၄၆။ အလွန်တရာမှ မျက်စိလျှင်လှသည်ဆိုသော သိမ်းစွန်ငှက်တစ်ကောင်က မြင်တွေ့မသွားသော အရာဝတ္ထုတစ်ခုကိုပင် ချစ်သူ၏ မျက်စိများက စူးစူးစိုက်စိုက် မြင်နိုင်တတ်သည်။

ရှိတ်စပီးယား

၁၄၇။ အားလုံးသော အသဲနှလုံးများ နေကောင်းထိုင်သာ ကျန်းမာစွာ ရှိစေရေးအတွက် အချစ်တည်းဟူသော အဆိပ်အတောက် ဆေးတို့ဖြင့် ယစ်မူးထုံလွှမ်းပေး ထားပေါ့။

အက်ဒဝပ်ပွိုင့်မက်သားစ်

၁၄၈။ ဖယောင်းတိုင်မီးများ ငြိမ်းသွားသောအခါ အားလုံးသော မိန်းမများတို့သည် လှပလာကြသည်။

ပလူးတာ(ချ)

၁၄၉။ လေးလေးနက်နက် မချစ်တတ်သော အစွမ်းသတ္တိသည် လူသားနှင့် တိရစ္ဆာန်ကို ကွဲပြားအောင်ခွဲခြားပေးလိုက်သော အဓိက အသွင်စရိုက်တစ်ခုဖြစ်သည်။

ဟေးဝပ်ကမ်ဘဲကရှန်

၁၅၀။ ရိုင်းစိုင်းသော သိမ်းစွန်ငှက်ရဲမ တစ်ကောင်သည် လေတိုက်လွင့်ရာကောင်းကင်လေဟာပြင်၌ကျက်စားရဘိသကဲ့သို့ရှင်း။

သမင်တစ်ကောင်သည်လည်း သင့်တင့်လျောက်ပတ်သော သစ်ဒဘာလွင်ပြင်၌ ကျက်စားရဘိသကဲ့သို့ရှင်း။

ယောကျ်ား၏ အသဲနှလုံးသည် မိန်းမ၏ အသဲနှလုံးဆီသို့ ကျက်စားဘိသကဲ့သို့ရှင်း။ ယင်းသို့သော အဖြစ်များသည် ရှေးအခါကကဲ့သို့ပင် ယခုအထိထိုအတိုင်းဖြစ်လျက် ရှိနေသေး၏။

ရူဒီယင်ကစ်ပလင်

၁၅၁။ သင်သည် မချစ်တတ်ခင်၌ နှင်းခဲပြင်ထဲမှာ သင်ရဲ့ခြေရာများ ထင်ကျန်မနေရစ်အောင် အပြေးလေ ကျင့်စမ်းပါဦး။

ဘရီဝ မြက်တောဒ့စ်

၁၅၂။ ကျွန်ုပ်၏ ချစ်သူ့ သူမက ကြောင်ကလေးပူစီဖြစ်၍ ကျွန်ုပ်၏အသည်းနှလုံးကတော့မူ ထိုကြောင်ကလေးများ လက်နှင့် ပုတ်ကစားရာ ချည်လုံးသဖွယ် ဖြစ်ပါသည်။

ဟင်နရီစမ်းဂရုတ်လီရိုက်

၁၅၃။ အချစ်ဟူသည် ဝတ်ပြုတ်၍ ဘယ်တော့မှမသေနိုင်ပါ။ သို့သော် အစာမကျွေးခြင်းကြောင့်သာ မကြာခဏ သေဆုံးကြရသည်။

နီနွန်

၁၅၄။ ကိုယ်ကျင့်သိက္ခာ လှပချောမွေ့မှုကို တွေ့မြင်ရခြင်းမှ ပေါ်ပေါက်လာသော ပထမဦးဆုံး စွဲသန်းမှုသည်သာ အချစ်ကိစ္စ၌ လိုရင်းဖြစ်၏။ အပြင်ပန်း လှပမှုလောက်ကိုသာ ကြည့်၍ ဖြစ်ပေါ်လာသော ချစ်ခင်စွဲသန်းမှုသည် လျင်မြန်စွာ ပျက်ပြယ်စေတတ်သည်။

ဂျူဖိုင်းဒ်

၁၅၅။ ချစ်မေတ္တာကား သူတော် သူမြတ်တို့၏ နှလုံးသည်းပွတ်အတွင်း၌သာ တွေ့ရှိနိုင်၏။ ကာမဂုဏ်လိုက်စားကတ်သော လူပေါ်ကြောတို့၏ နှလုံးသား၌ ဘယ်တော့မှ အချစ်တရား မကိန်းအောင်းချေ။

အဲလက်ကော့ဂေါ့စ်

၁၅၆။ ချစ်ခြင်းဟူသည်မှာ ခေါးတစ်ချောင်းမှ မပါဘဲနှင့် သူ၏နိုင်ငံကို အုပ်စိုးသည်။

သိုးဆောင်းစကားပုံ

၁၅၇။ အချစ်စစ် အချစ်မှန်ဆိုသည်မှာ ဘယ်သောအခါမှ အိုမင်းရင့်ရော်သည်ဟူ၍ မရှိပါ။

သိုးဆောင်းစကားပုံ

၁၅၈။ လူငယ် လူရွယ်တို့သည် အရေးကြီးဆုံး ပထမ အချက်ဖြစ်၍ ဒုတိယအချက်မှာ ငွေကြေး၊ တတိယ ကျန်းမာရေးကို အလိုရှိအပ်သည်ဟု ပြောလေ့ရှိကြ၏။ သို့သော် တစ်နေ့တွင် ကျန်းမာရေးကိုပထမ၊ ငွေကြေးကို ဒုတိယ၊ အချစ်ကိုမူ တတိယအနေဖြင့် အလိုရှိအပ်သည်ဟု ပြောကြပေလိမ့်မည်။

ပေါဂီရောဒလီ

၁၅၉။ အချစ်ဟူသည် ကြီးကျယ်သော စိတ္တဇ ရောဂါ တစ်မျိုး ဖြစ်သည်။

ပလေတို

၁၆၀။ ဝေဒနာ အားလုံးပေါင်းကိုတွင် အချစ် ဝေဒနာသည် အပြင်းထန်ဆုံး ဖြစ်သည်။ အကြောင်းကား ထို အချစ်ဝေဒနာသည် အသိဉာဏ်၊ ဦးနှောက်၊ အသည်း နှလုံးတို့ကိုပါ တစ်ပြိုင်နက်တည်း ဝင်ရောက် တိုက် ခိုက် နိုင်သောကြောင့် ဖြစ်သည်။

ဗိုလတဲယား

၁၆၁။ အချစ်ဆိုသည်မှာ တစ်စုံတစ်ယောက်က တစ်ခုခုကို
ပေးပြီးဖြစ်ပါလျက်နှင့် တစာစာ ဆက်လက်တောင်း
ဆိုနေသော သူတောင်းစားတစ်ယောက်နှင့် တူ၏

ရှိချ်ပီဘာ

၁၆၂။ ပြုံးခြင်းသည် ချစ်မေတ္တာ၏ ဘာသာစကားရပ်
တစ်ခုဖြစ်သည်။

ဂျေစီနှင့်အေဗလျက်

၁၆၃။ နှလုံးသား၏အလိုသို့ လိုက်လေလေ၊ ပို၍ဝမ်းနည်းရ
လေလေ ဖြစ်တတ်သည်၊

မဒမ်နစ်ကာ

၁၆၄။ အို....နှလုံးသား။ အချစ်ဟူသည် သင်၏ အဆိပ်
အတောက်ဖြစ်၍ သင်၏ အဆိပ် ဖြေဆေးလည်း
ဖြစ်သည်။

ဂျော့ဆန်း(န)

၁၆၅။ ဆိုးသွမ်း ယုတ်မာသော မိန်းမ တစ်ယောက်၏
အချစ်သည် တစ်ပါးသော သူကို သေစေနိုင်၏
ကောင်းမွန် မြင့်မြတ်သော မိန်းမ တစ်ယောက်၏
အချစ်သည် သူမကိုယ်တိုင် မ သေစေတတ်သည်။

ဂျော့ဆန်း(န)

၁၆၆။ တကယ်အချစ်စစ် အချစ်မှန်ရှိသူတို့၏ နှုတ်ခမ်းဖျား ပေါ်၌ ဘဝဟူသည် တည်ရှိနေပါသည်။

ဂျီအိုပိန်

၁၆၇။ ချစ်ရေး၊ ချစ်ရာကိစ္စများ၌ ကျွန်ုပ်တို့သည် တစ်ဖက် လူ၏ အကျင့်စာရိတ္တ အရည်အသွေးကို ဘယ်တော့မှ ထည့်၍ မစဉ်းစားတတ်ချေ။ တစ်ဖက်လူ၏ ပညာ အဆင့်အတန်း ဆိုသည်ကိုလည်း စဉ်းစားခဲလှပါ ပေသည်။ ချစ်ရေးချစ်ရာမှာ အလှအပနှင့် တကူ ပင်ကိုယ်သဘောထား အမူအရာ များကသာလျှင် အချစ်စိတ် ဖြစ်ပေါ်လာအောင် နှိုးဆွ ပေးတတ် ပါသည်။

ဟေးဇလစ်(ဒ)

၁၆၈။ မိမိစိတ်ထဲရှိသမျှကို ထုတ်ဖော် မပြောဘဲ ရင်ထဲ၌ သိုသိပ်ထားခြင်းသည် မိမိကိုယ်ကို မိမိ ချစ်သော အတ္တချစ် တစ်မျိုးပင်ဖြစ်သည်။

ဘာဘီနာ

၁၆၉။ ကမ္ဘာကို အချစ်က အုပ်စိုးနေပါသည်။ ယင်းအုပ်စိုး နေသော အချစ်ဆိုသည်မှာလည်း မိမိကိုယ်ကို မိမိ ချစ်သော အတ္တချစ် တစ်မျိုးသာဖြစ်သည်။

ရိဗာရော

၁၇၀။ သေလုလုသော ပစ္စည်းဟူသမျှထဲတွင် အချစ်မခံရတော့ပြီဖြစ်သော မိန်းမတစ်ယောက်၏ ခန္ဓာကိုယ်သည် အလေးလံဆုံးသော အရာဝတ္ထုဖြစ်သည်။

မွန်ပိုင်ဂူ

၁၇၁။ အချင်ကိစ္စ၌ တဝကြွင်းဖော် အဖြစ်ဖြင့် ရွေးချယ်ရာတွင် မိဖုရားဖြစ်ခဲ့ဖူးသော မိန်းမကို ရွေးချယ်သည်ထက် နွားကျောင်းနေသော မိန်းကလေးကို ရွေးချယ်သည်က ပို၍ ကောင်းသည်။

ဂျေဒီမင်းနေ့ဒ်

၁၇၂။ လူ့ဘောင်အတွင်း၌ တည်ရှိနေသော အချစ်ဆိုသော သဘောသည် တစ်ယောက်၏ အတွေးအခေါ်ကို တစ်ယောက်၏ အတွေးအခေါ်နှင့် လဲလှယ်ခြင်းနှင့် တစ်ယောက်၏ အပေါ်ယံ အမြေးနှင့် တစ်ယောက်၏ အရေခွံ အမြေးကို ထိစပ်ပွတ်တိုက် ထိတွေ့ခြင်းပင် ဖြစ်ပါသည်။

ချမ်းဖေါက်

၁၇၃။ ကျွန်ုပ်တို့မှာ အချစ်စိတ် ဝင်နေသော အခါ၌ အသည်းနှလုံးနှင့်သာ ဆုံးဖြတ်ချက် ချမှတ်လေ့ရှိကြသည်။

ဂျူးဘာတ်

၁၇၄။ ကြွင်နှာယုယသော စကားလုံးများသည် ကမ္ဘာ သောကကြီး၏ ဂီတာသံပင်ဖြစ်သည်။

ဖေသာ

၁၇၅။ အချစ်၊ သူတပါး၏ကျေးဇူးကို သိတတ်ခြင်း၊ သနား ကရုဏာ ဟူသည်တို့မှာ မြူနံးခနဲ ငိုကြွေးတတ်သော အရာများ ဖြစ်ကြ၏။

သော်မဆင်

၁၇၆။ အချစ်စိတ်ဟူသည်မှာ ခြူးတစ်ပြားမှ မရှိအောင် မွဲနေသော လူဆင်းရဲနှင့် တူလှ၏၊ ထိုလူဆင်းရဲ များသည် အများက ပေးမှ၊ ကမ်းမှသာ အသက် ရှင် နေနိုင်ကြသည် မဟုတ်ပါလား။

မဒမ်စွက်ချိုင်း(န)

၁၇၇။ အတင်းအဖျင်း ပြောသောစကားနှင့် ချစ်မေတ္တာ ဟူသည်တို့မှာ လက်ဖက်ရည်ကို ပို၍ ချိုသွားစေ အောင် အကြောင်းဆုံးလုပ်ပေးနိုင်သော အရာများ ဖြစ်ကြသည်။

ဖီးလဲ

၁၇၈။ ဘုရားသခင်က ကျွန်ုပ်တို့အား အပ်နှံထားခဲ့သော အကောင်းဆုံးနှင့် အနက်ရှိုင်းဆုံး ဖြစ်သည့် ချစ် ခင်ခြင်းဟူသည်မှာ တစ်ခါတစ်ရံ ငြိမ်းချမ်းရေး

ချိုးငှက်ကဲ့သို့ အသည်းနှလုံး ပေါ်မှာ လွမ်းမှိုး အုပ်စိုးနေကြသည်။ တစ်ခါတစ်ရံ ကျတော့လည်း ယင်း ချစ်ခင်မြတ်နိုးတတ်သော စိတ်သည် သွေး စုတ်ဖုတ်ကောင်ကြီးများကဲ့သို့ ကျွန်ုပ်တို့၏ ခန္ဓာ ကိုယ် အသက်သွေးများကို စုတ်ယူ သွားတတ်ပါ သေးသည်။

ဂျွမ်းဆွဲန်

၁၇၉။ လူ့ဘဝကြီး ဆိုသည်မှာ တွေးခေါ် မြော်မြင် တတ်သူအဖို့တော့ ရယ်ရွှင်ဖွယ် ဟာသဇာတ်ခုံကြီး ဖြစ်ပြီး၊ ခံစားတတ်သူ အဖို့မူ လွမ်းခန်းပင် ဖြစ်ပါ သည်။

စိုရေဝဲလ်ပို

၁၈၀။ စင်းလုံးချော အပြစ်ကင်းစင်သော သူကိုမှသာ သင်က ချစ်တော့မည်ဆိုလျှင် အထီးကျန် ဘဝဖြင့် တစ်ယောက် ထီးတည်း နေရပါလိမ့်မည်။

၁၈၁။ မယုံသင်္ကာ ဖြစ်ခြင်း တည်းဟူသော အဆိပ် အတောက်ကို တစ်ကြိမ်လောက် ဝါးမျိုထားမိသည့် အသည်းနှလုံးမှာ အချစ်တည်းဟူသောအာဟာရကို လက်ခံဖို့နေရာ မရှိတော့ပါ။

၁၈၂။ မျက်လုံးများ ဆိုသည်မှာကား အချစ်၏ နူးညံ့သိမ်မွေ့သော ပုံပြင်ကို ပထမဦးဆုံး စတင်ပြောဆိုတတ်သည့် ရှေ့ဆောင်လမ်းပြများ ဖြစ်ကြသည်။

ပရိုပါးတီးရစ်

၁၈၃။ မျက်လုံးများ ဆိုသည်မှာ မိန်းမများ၏ အသည်းနှလုံး ပြတင်းပေါက်များ ဖြစ်သည်။ သင်သည် ထို အသည်းပြတင်းပေါက်မှ ဝင်ရောက် သွားနိုင်ပါသည်။

ယူဂျင်းစူ

၁၈၄။ မျက်ရည်ပေါက် များသည် ခြောက်သွေ့သွားကောင်း ခြောက်သွေ့သွားနိုင်သော်လည်း နှလုံးသားကတော့ မည်သည့်အခါမျှ ခြောက်သွေ့မသွားတတ်ချေ။

မာဂူးရိုက်ဒီကလိုစ်

၁၈၅။ အချစ်စိတ်သည် ယောကျ်ားတစ်ယောက်အား ‘အရင်လူမှ ဟုတ်မှ ဟုတ်ပါလေရဲ့လား’ ဟု မမှတ်မိနိုင်လောက်အောင် ပြောင်းလဲ သွားနိုင်သည် ဆိုခြင်းမှာ ဖြစ်နိုင်ဖွယ် ရှိပါ၏။

ကယ်ရင့်စ်

၁၈၆။ ခေတ္တမျှ ကွဲကွာနေရခြင်းသည် အချစ်စိတ်ဓာတ်ကို လျှင်မြန်ဖျတ်လတ် တက်ကြွစေနိုင်သည်။

မိုင်ယာဗြူး

၁၇၇။ အချစ် ကိစ္စများတွင် ကျွန်ုပ်တို့သည် ကိုယ်ကျင့်တရားကို အနည်းငယ်သာ ဂရုစိုက်တတ်ကြ၍ အသိဉာဏ်ပညာ အကြောင်းကို လုံးဝဂရုမစိုက်မိကြဘဲ ဟန် အမူအရာနှင့် အမြင်ဆန်း သဘောထားလောက်ကိုသာ အယောင်ဆောင် အလှအပနှင့် ပူးတွဲလျက် မှတ်ချက်ချတတ်ပေသည်။

ဟာ(ဇ)လစ်(တ)

၁၇၈။ ပျိုမျစ်နုနယ်သော မုဆိုးမကလေး တစ်ယောက်၏ မျက်ရည်တို့ကို အချစ်တရားဖြင့် စင်ကြယ်သွားအောင် သုတ်ပစ်နိုင်စွမ်းရှိသည်။

............

၁၇၉။ ချင်ကြိုက်ရည်ငံမိသောသူများနှင့် မေတ္တာယွင်းပျက်ရန်အမျက် ပွားမိခဲ့ပါသော်....မျက်ရည် များဖြင့် ထပ်ဘာ နမ်းရှုပ်ပါလေ။

လော့ဒ်တန်နီဆန်

၁၈၀။ အချစ်ကြောင့် ပထမဆုံးညည်းတွားလျက် သက်မချခြင်းသည် နောက်ဆုံး၌ လိမ္မာရေးခြားရှိ၍ အသိအလိမ္မာ ပညာဉာဏ် ပြည့်စုံသည့် စခန်းသို့ ဆိုက်ရောက်ရခြင်းပင် ဖြစ်လေသည်။

ဘာချပ်(ဖ)

၁၈၁။ အချစ်ဟူသည် လှပသောအိပ်မက်တစ်ခုဖြစ်သည်။

ဝီလီယံရှပ်

၁၉၂။ ယောကျ်ားများသည်အချစ်ကို မိမိတို့၏ဘဝအစိတ်အပိုင်းမျှသာ ဖြစ်သည်ဟု သဘောထားတတ်ကြသော်လည်း မိန်းမများအဖို့သော်ကား အချစ်သည် သူတို့၏ ဘဝတစ်ခုလုံးအတွက်ဖြစ်၏။

ဘိုင်ရွန်

၁၉၃။ အချစ်စစ်အချစ်မှန်တို့မည်သည် တစ္ဆေသရဲဆိုသော နာမ်ဝိညာဉ်တစ်ခုနှင့်တူလှပေသည်။ လူတိုင်းလူတိုင်း ထိုတစ္ဆေသရဲကို မမြင်မတွေ့ကြဖူးသလို၊ အချစ်စစ်အချစ်မှန်ဆိုသည်ကိုလည်း မည်သူမျှ ကိုယ်ထိလက်ရောက် မမြင်ဘူးကြချေ။

ရိုချေဖိုကော့ဒ်

၁၉၄။ မိမိ၏စိတ်ဝိညာဉ်ထဲ၌ ဂီတရှိသောသူသည် ချစ်စရာအကောင်းဆုံးသောသူများနှင့် အများဆုံးချစ်နေရပေလိမ့်မည်။

ပလေတို

၁၉၅။ မျက်စိက မမြင်ရတော့သောအခါ နှလုံးသားကလည်း ချက်ချင်းမေ့သွားတတ်သည်။

၁၉၆။ နှင်းဆီခက်ပေါ်၌ဘောတွဲမှ နုတ်ခမ်းပန်းပွင့်ကလေးဖြင့် သူမ ပြုံးလိုက်သောအခါ ဝိညာဉ်သည် ပျောက်ကွယ်သွားပါတော့သည်။

မိုး

၁၉၇။ အချစ်စစ် အချစ်မှန်နှင့် ချစ်ကြသော ချစ်ကြသူများ၏ နှုတ်ခမ်းများပေါ်မှာ ဘဝဆိုသည်မှာ တည်ရှိပါသည်။

ဂျီအိုဝေ(န)

၁၉၈။ မြှော်လင့်ချက်ဟူသည်မှာ ချစ်သူတစ်ဦး၏ လက်စွဲမှီခိုအားကိုးရသော တောင်ဝှေးတစ်ချောင်း ဖြစ်ပါသည်။

ရှိတ်စပီးယား

၁၉၉။ အချစ်ဟူသည်မှာ အားလုံးရှိသမျှ ပညာတတ်များထဲ၌ အကြီးအကျယ် အမြင့်မြတ်ဆုံးသော ပညာရှင်ကြီးတစ်ဆူ ဖြစ်သည်။

မစ္စအို့စ်ဂွတ်

၂၀၀။ ငဲ့စောင်း ခိုးကြည့်သော အကြည့်များသည် ပထမဦးဆုံးသော ရည်းစားစာများ ဖြစ်ကြပါသည်။

နီနွန်ဒီလန်ကလို့ဒ်

၂၀၁။ ချစ်သူ၏မျက်လုံးများသည် မျက်စိရှင်လှပါသည်ဆိုသော လင်းယုန်ငှက်၏မျက်လုံးကိုပင် ကန်းသွားအောင် စိုက်ကြည့်ပစ်လိုက်ပါလိမ့်မည်။

ရှိတ်စပီးယား

၂၀၂။ မျက်လုံးများသည်နှုးညံ့သိမ်မွေ့သောအချစ်ပုံပြင်ကို ပထမဆုံးပြောပြမည့် ရှေ့ဆောင် လမ်းပြများဖြစ်ကြသည်။

ပရိုးပါးတီးရပ်(စ်)

၂၀၃။ ယောကျ်ားတစ်ယောက်သည် အချစ်နှင့်ကင်းလွတ်နေပါက လူ့အလိုက်ကန်းဆိုးမသိဘဲ ကိုယ့်ကိုယ်ကို မထိန်းနိုင်အောင် ရှိတတ်သည်။

အိတ်ဂျ်ဝဲ(ယ်)

၂၀၄။ မေတ္တာသည် သစ္စာ၏ ရေသောက်မြစ်၊ သစ္စာသည် မေတ္တာ၏ အပွင့်အဖူး။

အာရပ်စကားပုံ

၂၀၅။ အသည်းကွဲသမား၏ အကောင်းဆုံး ကုစားနည်းမှာ နောက်တစ်ကြိမ် အသည်းကွဲအောင် ကြိုးစားခြင်း။

ဆယ်မင့်ဇ်

၂၀၆။ အချစ်သည် အကျိုးအပြစ်ကို မသိတတ်။ တရားသောမျဉ်းကြောင်းကို ကန့်သန့်ဖြတ်သွား၏။

သတိုးမြိုင်

၂၀၇။ ငါသည် အချစ်တစ်ခုတည်းကြောင့် မိန်းမယူရန် ဘယ်အခါမျှ စိတ်မကူးခဲ့ပါ။

ဒစ်ဇရေလီ

၂၀၈။ အချစ်စစ်ပွဲများတွင် မိန်းမများသည် ယောကျ်ားများထက် သတ္တိနှင့်ပြည့်စုံလေ၏။

တက်တိုး

၂၀၉။ တရေးရေးသတိရ၍ တစိမ့်စိမ့်လွမ်းဆွတ်ပြီး တနွေးနွေး ချစ်ရသည်မှာ အချစ်သမားများအဖို့ စည်းစိမ်အရသာတစ်ခု ဖြစ်လေသည်။

သိန်းဖေမြင့်

၂၁၀။ မိန်းမတစ်ယောက်၏အချစ်ကို အဘယ်မျှပင် ပိုင်စေကာမူ လူမြင်သူမြင်တွင် မထေမဲ့မြင် မပြုအပ်။

ပီမိုးနင်း

၂၁၁။ မုန်း၍ ရှောင်ခြင်းက လွယ်ကူလှ၏။ သို့သော် ချစ်လျက်နှင့် ရှောင်ခြင်းက လွယ်ကူသောကိစ္စ မဟုတ်ပါပေ။

ဦးသုခ

၂၁၂။ ချစ်ခြင်းသည် အရသာရှိသော ပူပန်ခြင်းတစ်မျိုးပင် ဖြစ်လေသည်။

သခင်ဘသောင်း

၂၁၃။ လုံးဝမချစ်ဖူးသည်ထက် ချစ်ပြီးမှ ဆုံးရှုံးရသည်က မြတ်၏။

တင်နီဆင်

၂၁၄။ အချစ်ဓာတ်တို့မည်သည် ရစ်ပတ်လွှမ်းခြုံမိသည်နှင့်
တစ်ပြိုင်နက် နှစ်သက်စွဲလမ်းသူမှတပါး ကမ္ဘာ
လောကကြီး တစ်ခုလုံးလို သုညထိုးလေတော့၏။

ရွှေစကြာ

၂၁၅။ လောကတွင် နီးစပ်ခြင်းထက် တစ်ဖက်သားစိတ်ကို
ပိုမိုယိုဖိတ်စေသော နည်းမရှိ။

သခင်ဘသောင်း

၂၁၆။ မြင်တွေ့နေကျ အမူအရာ လေးများသည်လည်း
အချစ်မျက်စိ၌ လှပနေကြ၏။

ရှယ်လီ

၂၁၇။ တောင်း၍ရသောအချစ်သည်ကောင်း၏။ မတောင်း
ဘဲရသောအချစ်က ပိုကောင်း၏။

ရှိတ်စပီးယား

၂၁၈။ မပြည့်သည့် ဆုတောင်းများကြောင့် ကျရသည့်
မျက်ရည်ထက် ပြည့်သည့်ဆုတောင်းများကြောင့်
ကျရသည့်မျက်ရည်က ပိုများ၏။

စိန့်ထရီဇာ

၂၁၉။ ရည်းစားစာများသည် ဘာဝကို ရည်ရွယ်ရေးရမှန်း
မသိဘဲနှင့် စ၍ ဘာရေးခဲ့ပြီးမှန်းမသိဘဲ ဆုံးကြ၏။

ရူးဆိုး

၂၂၀။ ပထမဆုံးအနမ်းသည် ယောကျ်ားအတွက် အဆုံး၏ အစ၊ မိန်းမအတွက် အစ၏ အဆုံး။

ဟယ်လင်ဂိုးလင်း

၂၂၁။ ခိုးဝှက်၍ နမ်းရသော အနမ်းများသည် အချိုမြဆုံး ဖြစ်သည်။

ဟန့်

၂၂၂။ သင်သည် ပန်းပွင့်တစ်ပွင့်၏ ရနံ့ကို ခွဲခြမ်းစိတ်ဖြာ နိုင်ပေလိမ့်မည်။ အနမ်းတစ်ခုကိုမူ သေသေချာချာ မခွဲခြမ်း မစိပ်ဖြာနိုင်ပါ။

အိပ်ချ်ဒဗလျူရှော

၂၂၃။ နမ်းခြင်းသည် အချစ်၏ ရှေ့ပြေးတမန်တော်များ ဖြစ်ကြသည်။

မာတင်အော့(ပ်)တစ်

၂၂၄။ ယောကျ်ားနှင့် မိန်းမ နှစ်ဦးသား နမ်းလိုက်သော အသံဗလံသည် အမြောက်ဆံကြီးတစ်ခု ပေါက်ကွဲ သည်လောက် ကျယ်လောင်စွာ မမြည်ဟီးလှသော် လည်း အချိန်ကတော့ အတော်ကြာတတ်ပါသည်။

ဟုမ်း

၂၂၅။ ချိုမြရှန်းလဲ့သော နှုတ်ခမ်းသားအလှ လေးခု ရယ်၊ စင်ကြယ်သော စိတ်ဝိညာဉ် နှစ်ခုရယ်၊

မပျောက်ဆုံးသော ချစ်ခင်ခြင်းတစ်ခုရယ်၊ ဤအရာများတို့သည် ချစ်သူနှစ်ဦး နမ်းရှုပ်ရန်အတွက် လှလှပပ ဝတ်ဆင်ထားသည့် ခေါင်းစုပဝါ များ ဖြစ်ကြသည်။

ဘိုဗီ

၂၂၆။ သူက ကျွန်ုပ်အား နမ်းလိုက်သည်မှာ ခပ်ကြမ်းကြမ်း နမ်းလိုက်ပါသည်။ မည်ကဲ့သို့ ကြမ်းတမ်းသနည်း ဆိုရသော် ကျွန်ုပ်၏ နှုတ်ခမ်းပေါ်မှာ ပေါက်ရောက်နေသော အနမ်းပင်ကြီးကို အမြစ်မှ ကိုင်၍ တအားဆွဲလိုက်သလား ထင်ရပါသည်။

ရှိတ်စပီးယား

မိတ်ဆွေ လူငယ်ချင်း

၂၂၇။ မိတ်ဆွေနှစ်ယောက်သည် ပိုက်ဆံအိတ်တစ်အိတ်ထဲက ယူသုံးလျှင် တစ်ဦးမှာပျော်၍ တစ်ဦးမှာငိုရမည်။

၂၂၈။ အဆွေခင်ပွန်းသည် ဒဏ်ပေးသောအခါမှာ သစ္စာစောင့်လျက် ပေး၏။ ရန်သူမူကား နမ်းသောအခါ လှည့်စားတတ်၏။

ဆာလံ ၂၇း၆-၇

၂၂၉။ လူအထင်ကြီးအောင် လုပ်ခြင်းဖြင့် မိတ်ဆွေစစ်ကို မရနိုင်။

ဒေးကာနက်ဂျီ

၂၃၀။ ဝိုင်းတိုက်သော ရန်သူထက် ဝိုင်းမြှောက်သော မိတ်ဆွေကို ကြောက်ပါ။

၂၃၁။ ရန်သူဘဝ ရောက်သည့်တိုင် ချစ်ဆွေဟောင်း၏ လျှို့ဝှက်သော ကိစ္စကို သိသိပ်၍ သစ္စာမဖောက်သူသာ မိတ်ဆွေကောင်း။

ကြီးပွားရေး

၂၃၂။ မိတ်ဆွေကို အားကိုးခြင်းသည် သောင်ပြင်၌ အိမ်ဆောက်ခြင်း။

ပီမိုးနင်း

၂၃၃။ သင့်တွင် မိတ်ဆွေ ၅၀-ရှိပါသလား။ မလုံလောက်သေးပါ၊ ရန်သူတစ်ယောက် ရှိနေပါသလား။ များလွန်းသည်။

အီတလီစကားပုံ

၂၃၄။ စိတ်ကောင်းရှိခြင်းသည် လူ၏ မွေးရာပါသဘော။ ဒုက္ခရောက်နေသည်ကို တွေ့လျှင် အကူအညီ သွားပေးရန် သူ့ဝိညာဉ်က တိုက်တွန်းတော့၏။

ဆစ်ဒနီစမစ်

၂၃၅။ လုပသူများကို သူငယ်အဖြစ် ရွေး၏။ စာရိတ္တကောင်းသူများကို မိတ်ဆွေအဖြစ် ရွေး၏။ ဆင်ခြင်ဉာဏ်ရှိသူများကို ရန်သူအဖြစ် ရွေး၏။

အော်စကာဝိုင်း

၂၃၆။ ကျွန်ုပ်တို့သည် အနာဂတ် အလားအလာရှိသောယောကျ်ားများနှင့် အဟိတ် အတွေ့အကြုံပါသော မိန်းမများကို နှစ်သက်ပါသည်။

အော်စကာဝိုင်း

၂၃၇။ မိတ်ဆွေကောင်းလိုချင်လျှင် သင်ကိုယ်တိုင် မိတ်ဆွေကောင်းဖြစ်အောင် ကြိုးစားပါ။

၂၃၈။ မိတ်ဆွေကောင်းတို့သည် ကောင်းရာကို ညွှန်၍ အကျိုးရှိအောင် ပြုတတ်၏။

ပလေးတိုးနိဒါန်း

၂၃၉။ မိတ်ဆွေဖြစ်ခြင်း ဆိုသည်မှာ မေတ္တာအတုံ့အပြန် ထားတတ်ခြင်း (ဝါ) မေတ္တာအတုံ့အပြန် ရှိခြင်းသာဖြစ်သည်။

ပလေးတိုးနိဒါန်း

၂၄၀။ မိတ်ဆွေစစ် မိတ်ဆွေမှန် ဆိုသည်မှာ ခန္ဓာကိုယ်အားဖြင့် နှစ်ခုရှိသော်လည်း စိတ်ကတော့ တစ်ခုသာရှိသော အရာပင်တည်း။

အရစ္စတိုတယ်

၂၄၁။ ချစ်မိတ်ဆွေကိုရွေးရာ၌ နှေးနှေးပဲရွေးပြီး၊ မိတ်ဆွေတစ်ယောက်မှ တစ်ယောက် အပြောင်းအလဲလုပ်ခြင်းကိုမူ သည့်ထက်ပို၍ နှေးနှေးလုပ်ပါ။

ဇရန်ကလင်

၂၄၂။ နေအိမ်၏အဆင်တန်ဆာ ဟူသည်မှာ ထိုနေအိမ်သို့ မကြာခဏ ရောက်လာတတ်သော မိတ်ဆွေသင်္ဂဟများပင် ဖြစ်ကြပါသည်။

အီမာဆင်

၂၄၃။ မိတ်ဆွေများကို သူတို့ထံမှ ရယူရန်အတွက် မိတ်ဆွေမဖွဲ့ပါနှင့်။ သူတို့အား ပေးကမ်းရန်အတွက်သာ မိတ်ဆွေဖွဲ့ပါ။

ဂျိုးဇက်ရော့

၂၄၄။ လူနှစ်ယောက်သည် အနည်းငယ်မျှသော အမှားအယွင်းကလေးကို တစ်ယောက်နှင့် တစ်ယောက် ခွင့်မလွှတ်နိုင်သမျှ ကာလပတ်လုံး မိတ်ဆွေဖြစ်ကြလိမ့်မည် မဟုတ်ပါ။

လာဘာရိုင်ယာ

၂၄၅။ ကျွန်ုပ်တို့၏ မိတ်ဆွေများနှင့် ကြာရှည်စွာခွဲခွာနေကြရလျှင် သူတို့ကို မေ့လျော့နေကြပါသည်။ သူတို့နှင့် အတူတကွနီးနီးစပ်စပ် နေရပြန်သောအခါ၌လည်း သူတို့ကို မထီလေးစား ပြုမိကြပြန်သည်။

ဟာဇလတ်

၂၄၆။ သစ်သား အဟောင်းအမြင်းများကို မီးဆိုက်ပစ်ရန် အလွန် ကောင်းလှ၏။ ဝိုင်အရက် နှစ်ချို့များကိုလည်း သောက်၍ ကောင်းလှပါပေသည်။ မိတ်ဟောင်း ဆွေဟောင်းများသည်လည်း ယုံကြည်ကိုးစား ထိုက်သောသူများ ဖြစ်ကြပါသည်။ စာအုပ် အဟောင်း အမြင်းတို့သည်လည်း အလွန်ဖတ်ကောင် လှပါပေသည်။

အာရဂွန်

၂၄၇။ ကိုယ်နှုတ် နှလုံး ကောင်းသူတိုင်း မိတ်ဆွေဖြစ်နိုင်သည်။

၂၄၈။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကျွန်တော် ခင်ဗျားကို မမှတ်မိဘူး။ ကျွန်တော် အဘော့်ကိုပဲ ပြောင်းလဲသွားပြီကိုး။

အော်စကာဝိုင်း

## မိန်းမ

၂၄၉။ မိန်းမ ကွယ်လွန်သေဆုံးသွားသောအခါ အကောင်းဆုံးသော ဂီတသံတစ်ခု ရပ်ဆိုင်းသွားသလိုလို ထင်ရ၏။

လောင်းဖဲလိုး

၂၅၀။ မိန်းမတစ်ယောက်၏ တကယ့် စစ်မှန်သော နှလုံးသားသည်သူကျင်လည်ရာနယ်နိမိတ်အပိုင်းအခြားကို သူ့ဟာသူ သိထားပါသည်။ ထိုမိန်းမ၏ နှလုံးသားသည် မိမိ၏နယ်နိမိတ်က ဘယ်တော့မှ ကျူးကျော်၍ မသွားတတ်ချေ။

ဟောသရှန်း

၂၅၁။ အိမ်တွင်းပျော်ရွှင်မှု၏ အခြေခံ သဘောတရားမှာ မိန်းမ၌ရှိသော ဂုဏ်၊ အရည်အချင်းများကိုယုံကြည်ဖို့ရန် ပင်တည်း။

လန်ဒေါ်လ်

၂၅၂။ ယောက်ျားက ကမ္ဘာကြီးကို တည်ဆောက်ပြီးတော့ ပညာ သင်ပေးသည်။ မိန်းမကမူ ယောက်ျားကို ပညာသင်ပေးသည်။

ဂျူလီဘာရိုး

၂၅၃။ မိန်းမကောင်း တစ်ယောက် ဆိုသည်မှာ မြေကြီး အောက်ထဲမှာ မြုပ်နှံဖုံးကွယ်ထားသော ရတနာ သိုက်နှင့် တူ၏။ ၎င်းရတနာသိုက်ကို ရှာဖွေတွေ့ရှိသော သူသည် သူခိုးရွှေရ တပြုံပြုံ ဆိုဘိသကဲ့သို့ လူတကာလိုက်ပြီး ကြွားဝါပြောဆို မနေမိစေရန် ဆင်ဆင်ခြင်ခြင် နေထိုင်တတ်ရပါမည်။

ရိုချေဖိုကော့ဖ်

၂၅၄။ အကျင့်သိက္ခာ မြင့်မြတ်သော မိန်းမသည် အဖိုး ထိုက်တန်သော ကျောက်မျက် ရတနာလောက် တန်ဖိုးရှိသည်။

ကယ်ဗင်းတစ်

၂၅၅။ မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်အား 'ချစ်လှချည်ရဲ့'ဟု ပြောသောအခါ ယောကျ်ားက သူမအား မချစ်သော်လည်း သူမပြောလိုက်သော စကားကိုတော့ နားထောင်ရပါသည်။

မစ္စဘာရိုနင်း

၂၅၆။ မိန်းမ၏ ပူဆွေးသောက ဝမ်းနည်းရခြင်းသည် နွေရာသီ၌ တိုက်ခတ်သော မုန်တိုင်းနှင့် တူလှ၏။ အချိန်တိုသော်လည်း ပြင်းထန်လှပေစွတကား။

ဂျီနာဘောလီ

၂၅၇။ မိန်းမပျိုများသည် လက်မထပ်မီတွင်လင်ယောကျ်ား များမှ တပါး အခြားမည်သူ့ကိုမျှ အလိုမရှိကြ။

လင်ယောကျ်ားရသွားပြီးလျှင်လည်းအရာရာတိုင်းကို
အလိုရှိလာပြန်သည်။

၂၅၈။ မိန်းမဦးနှင့် သိမ်မွေ့မှုမရှိခြင်းသည်ခွန်အားတစ်ရပ်ပင် ဖြစ်သည်။

လီတင်ဘက်

၂၅၉။ မိန်းမဟူသော သတ္တဝါကို ၁၉ရာစုနှစ်များတွင်းက အဖြေရခက်၊ အသိရခက်သော ပဟေဠိတစ်ပုဒ်ဟူ၍ ဖွင့်ဆိုခဲ့၏။

ဗစ်တာဟူးဂိုး

၂၆၀။ မိန်းမများသည် မင်းညီ မင်းသားများ ကဲ့သို့ပင် မိတ်ဆွေစစ် မိတ်ဆွေမှန်ကို တွေ့ရခဲလှသူများဖြစ်ပါသည်။

လေဘွလိုက်လီကွန်

၂၆၁။ ချစ်စရာကောင်းသော မိန်းမ တစ်ယောက်၏ အလှ အပဟူသည်ကား ဂီတနှင့် တူပါသည်။

ဂျေအယ်လီဒရော့

၂၆၂။ ကျွန်ုပ် အမြဲတမ်း ခင်မင်မြတ်နိုးပြီး ဘယ်တော့မှ နားမလည်သော အရာဝတ္ထု သုံးမျိုး ရှိပါသည်။ ယင်းသုံးမျိုးတို့မှာ ပန်းချီကား၊ ဂီတနှင့် မိန်းမတို့ ဖြစ်ကြ၏။

ဖွန်တင်းနဲလ်

၂၆၃။ မိန်းမဟူသည်ကား အမြင့်မြတ်ဆုံးသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ အကြောင်းကား သူတို့သည် ဘဝ တစ်လျှောက်လုံး၌ အကောင်းဆုံးသော ခေါင်းဆောင်ကြီးတစ်ဦးဖြစ်ပြီးလျှင် ပျော်ရွှင်ဖွယ်ကောင်းသော နေ့များ၌ အကောင်းဆုံးသော လမ်းညွှန်နည်းပြ ဆရာမကြီး တစ်ဦး ဖြစ်၍ ဒုက္ခရောက်နေသော အခါ၌ နှစ်သိမ့်မှု ပေးတတ်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါသည်။

ဆူမိ

၂၆၄။ လောက၌ ယောကျ်ား တစ်ယောက်ကို သစ္စာရှိရှိ ချစ်မြတ်နိုးတတ်သော မိန်းမတစ်ယောက်ကို ရရှိထားမှုတော့ မိမိမှာရှိနေသော စည်းစိမ်ဥစ္စာ ရတနာ ဆိုသည်မှာ ဘာမျှ ပြောပလောက်အောင် တန်ဖိုးမရှိတော့ပေ၊

စိန့်တီပျုိင့်

၂၆၅။ အားလုံးသော မိန်းမများ တို့သည် အတွေးအခေါ် အားဖြင့် ကဗျာဆရာမများဖြစ်ကြ၍၊ နှလုံးသား အားဖြင့် ကောင်းကင်မှ နတ်တမန်ကလေးများဖြစ်ကြပြီး၊ စိတ်သဘောထား အားဖြင့်မူ နိုင်ငံခြားသံတမန်များ ဖြစ်ကြသည်။

အီမန်ညူရယ်ဂွန်ဇလေ့စ်

၂၆၆။ ပညာရှိယောကျ်ားများ မယုံကြည်တတ်သောအရာ သုံးမျိုးကား လေ၊ ပြေးလာနေရောင်ခြည်၊ မိန်းမ တစ်ယောက်၏ ဝန်ခံကတိသစ္စာတို့ ဖြစ်ကြ၏။

ဆောက်(တ)လီ

၂၆၇။ ဤချိုမြသော နှုတ်ခမ်းပိုင်ရှင် မိန်းမတို့သည် ကမ္ဘာကြီးကို လွှမ်းမိုးအုပ်စိုးနေကြသည်။ အဘယ့်ကြောင့် ဆိုသော် အလှအပဟူသည်မှာ အသိ ဉာဏ်တရားထက် မှန်ကန်သော အချက်အလက်များကို ပို၍ညွှန်ပြ ပေးနိုင်သောကြောင့် ဖြစ်ပါသည်။

ဟုမ်း

၂၆၈။ မိန်းမတစ်ယောက်သည် မရှက်သင့်သော အရာကို ရှက်စရာပြုနေသည်နှင့်တပြိုင်နက်ရှက်သင့်ရှက်ထိုက် သောအရာကို လုပ်ရန် ရှက်ကြောက် လိမ့်မည် မဟုတ်တော့ချေ။

လိုသ်ဗီ

၂၆၉။ ငိုနေသော မိန်းမတစ်ယောက်အား ဘယ်တော့မှ မယုံကြည်ပါနှင့်။ အဘယ့်ကြောင့် ဆိုသော်မိန်းမ ဟူသည် သူတို့ငိုချင်သောအခါ၌ မျက်ရည်ကျတတ် သည်မှာ မိန်းမတို့၏ ဓမ္မတာသဘာဝ ဖြစ်သော ကြောင့်တည်း။

ဆိုက်ရေးတီး

၂၇၀။ ငထမဆုံး သင့်ကိုယ်သင် လုံးဝ အောင်မြင်အောင် လုပ်စမ်းပါဦး။ ထိုသို့ အောင်မြင်မှသာ သင်၏ ဇနီးမယားအပေါ်၌ အောင်မြင်ပါလိမ့်မည်။

ဖူလာ

၂၇၁။ မိန်းမဆိုသည်မှာ မိမိ၏ အိုးအိမ်နှင့် သားသမီးများ အပေါ်၌ စိတ်မဝင်စားသေးသမျှ ကာလပတ်လုံး 'မိန်းမ' ဟု မခေါ်ထိုက်သေးပါ။

မစ္စအက်ဖ်စီကလိုလီ

၂၇၂။ လင့်ဝတ္တရားမကျေသော မိန်းမသည် တာဝန်ကျေသော မိန်းမ မဟုတ်။

တမန်တော်

၂၇၃။ ယောကျ်ားများထက် မိန်းမကို ပိုသဘောကျ၏။ အဘယ်ကြောင့်ဆိုသော် မိန်းမအနေနှင့် ငြိမ်းငွေ့လာလျှင် ယောကျ်ားလေးကဲ့သို့ သုံး၍ ရသောကြောင့်ပင်။

ဂွည်ထယ်

၂၇၄။ ဇနီးတစ်ယောက်ကို ရှာရင်းရှာရင်း ပြည့်တန်ဆာမကိုသာ တွေ့နေရ၏။ နောက်ဆုံး ပြည့်တန်ဆာမ ဇနီးလေး တစ်ယောက်ကိုပင် ယူလိုက်တော့မှ ဇနီးဆိုသည်ကို သိလိုက်ရတော့၏။

ဂွည်ထယ်

၂၇၅။ မိမိကိုယ်ကို စွန့်လွှတ်ရာတွင် မိန်းမက သာသည်။ တိရစ္ဆာန်ကဲ့သို့ရဲရင့်ရာတွင် ယောကျ်ားကသာသည်။

ဂန္ဒီ

၂၇၆။ အင်အားဟူသည် စိတ်ပိုင်းဆိုင်ရာ တန်ခိုးဟုဆိုလျှင် မိန်းမသည် ယောကျ်ားထက် မယှဉ်သာအောင်သာ သည်။

ဂန္ဒီ

၂၇၇။ နှလုံးသားကို မိန်းမထက် ပိုဆွဲဆောင်နိုင်သူမရှိ။

ဂန္ဒီ

၂၇၈။ မိန်းမပျိုသည် လက်မထပ်မီအထိ သိမ်မွေ့နူးညံ့စွာ နေသင့်၏။

စကော့စကားပုံ

၂၇၉။ အိုမိန်းမ၊ပင်လယ်ပြင်က ကမ္ဘာကြီးကို ဝိုင်းပတ် ထား၏။ လောကနှလုံးသားကိုကား သင့်မျက်ရည် ပင်လယ်ဖြင့် ဝိုင်းပတ်ထား၏။

တဂိုး

၂၈၀။ မွေးစကလေးများသည် ပထမ ငယ်ငယ်တုန်းကသာ မိခင်၏ ရွှေရင်အငုံ နို့ရိပ်မြုံ၌ မှီခိုစားသောက် အသက်ရှင်ခဲ့ရသော်လည်း၊ အခါခပ်သိမ်းအမြဲတမ်း အားဖြင့်မူကား မိခင်၏ နှလုံးသားပေါ်၌သာ မှီခို၍ နေထိုင်စားသောက်ရပါသည်။

ဘီချာ

၂၀၁။ ပညာတတ်မိန်းမများကို ကဲ့ရဲ့ပြောင်လှောင်ပေးရမည်။ အဘယ်ကြောင့်ဆိုသော် ပညာတတ်မိန်းမများသည် ပညာမရှိသော ယောကျ်ားများကို အရှက်တကွဲ အကျိုးနည်းအောင် လုပ်တတ်သောကြောင့် ဖြစ်၏။

ဂျော့ဆင်း

၂၀၂။ အိမ်ထောင်တစ်ခုကို စနစ်တကျ အုပ်ချုပ်ထိန်းသိမ်းတတ်သော မိန်းမတစ်ယောက်ကို ဘယ်ပညာတတ်မိန်းမမှ နှိုင်းယှဉ်မရနိုင်ပါ။

ဘားနက်

၂၀၃။ ယောကျ်ားများသည် မိန်းမများထက် စကားပြောကောင်းကြသည်။ သို့သော် မိန်းမများက လူတစ်ယောက်ကို သွေးဆောင် ဖြားယောင်းရာ၌ ပို၍ တန်ခိုးသတ္တိရှိသည်။

ဟောမက်(စ်)ရန်ဒေါ်

၂၀၄။ မိန်းမများသည် ချမ်းသာခြင်း စည်းစိမ်သုခထက် ဆင်းရဲခြင်းဒုက္ခကို ပို၍ ထိတွေ့ခံစားတတ်သည်။

မွန်တေဂျူ

၂၀၅။ မုဆိုးမ ဟူသည်မှာ မြင့်မားလှသော သစ်ပင်ပေါ်မှ လွယ်လွယ်ကလေး ကြွေကျလာသော သစ်သီးမှည့် တစ်လုံးနှင့် တူလှသည်။

ဘရိုင်ယာ

၂၀၆။ မိန်းမသားများ၏ တစေ့တစောင်း ခိုးကြည့်ပုံ ကလေးများသည် သူတို့ပါးစပ်မှ ထုတ်ဖော် မပြော ရဲသော အရာကို မျက်လုံးဖြင့် ဖော်ပြခြင်း တစ်မျိုး ဖြစ်သည်။

ကား

၂၀၇။ ဇနီးမယားဟူသည်ကား ကောင်းမြတ်သော အရည် အချင်း ဂုဏ်သတ္တိများ စုပေါင်း ဖွဲ့စည်းထားသော အရာတစ်ခု ဖြစ်သည်။ ဇနီးမယားသည် လမင်းဖြစ် ပြီး ထိုလမင်းထဲက လူကတော့ သင် ဖြစ်ပါသည်။

ကွန်ဂရီး

၂၀၈။ မျက်ရည်ဆိုသည်ကား ကလေးသူငယ်များ၏ ပြော နေကျ ဘာသာစကားဖြစ်၍ မိန်းမများ၏လက်နက် တစ်ခု ဖြစ်သည်။

သိုးဆောင်းစကားပုံ

၂၀၉။ မိန်းမများသည် ကျွန်ုပ်တို့ကို ချစ်သောအခါ သူတို့ သည် အရာရာတိုင်းကို ခွင့်လွှတ်တတ်ကြသည်။

ဘော်လဇက်

၂၁၀။ အမျိုးဖျက်သော မိန်းမ၊ နှုတ်နှင့် ချော့တတ်သော ပြည်တန်ဆာမ၊ ထိုမိန်းမတို့ နေထိုင်သော နေအိမ် သို့ သွားသောသူသည် ပြန်လမ်းမရှိ သေသော သူ မည်၏။

ဓမ္မဟောင်းကျမ်း

၂၉၁။ မိန်းမတစ်ယောက်၏ ဘဝတစ်သက်တာ၌ ထူးခြားသောကာလ (၃) ပိုင်းရှိသည်။ ပထမကာလ၌ အချစ်ကို စိတ်ကူးယဉ် အိပ်မက်မက်၍၊ ဒုတိယကာလ၌ ချစ်သူကိုရှာ၍ ချစ်တတ်ပြီးလျှင်၊ နောက်ဆုံးကာလ၌ ယင်းအချစ် အတွက် နောင်တရသည့် အချိန်တို့ပင်တည်း။

စိန့်ပရိုစပေါ

၂၉၂။ မိန်းမတစ်ယောက်၏ 'ဟုတ်သည်' နှင့် 'မဟုတ်ဘူး' ဆိုသော စကားနှစ်လုံး ကြားထဲတွင် သင်သည် ချွန်သော အပ်တစ်ချောင်းကို ထိုးသွင်းထားနိုင်သည်။

ဂျာမန်စကားပုံ

၂၉၃။ ငြိမ်သက်ခြင်းသည် မိန်းမတစ်ယောက်၏ အကောင်းဆုံးသော အဝတ်တန်ဆာပင် ဖြစ်သည်။

သိုးဆောင်းစကားပုံ

၂၉၄။ သင့်ကို ဒဏ်ရာ အနာတရ ဖြစ်အောင် လာလုပ်သူ မိန်းမတစ်ယောက်အား အသေသတ်ပစ်ရန် ခွင့်မပြုပါ။ သင့်အား ခွင့်ပြုချက်တစ်ခုတော့ ရှိပါသည်။ ယင်း ခွင့်ပြုချက်ကား သင့်ကို လာရောက်နှိပ်စက်သော ထိုမိန်းမအား သင့်စိတ်ထဲမှာ မိနစ်တိုင်း မိနစ်တိုင်း 'အသက်အရွယ် ကြီးလာနေတဲ့ မိန်းမပါလား' ဟူသော အစဉ်တစိုက် လွတ်လွတ်လပ်လပ်

ကြီး တွေးတောနိုင်ပါသည်။ ယင်းကဲ့သို့ တွေးတော
ခြင်းဖြင့် ထိုမိန်းမအပေါ်၌ တစ်နေ့လျှင် အကြိမ်
ပေါင်း (၁၄၄၀) လက်စားချေ ဒဏ်ပြန်ခတ်သည်
နှင့်မခြား ဖြစ်ပါသည်။ဆိုလိုသည်မှာ မိန်းမဟူသည်
သူတို့ကိုယ်သူတို့ အသက်ကြီးပြီဟု အပြောခံရမှုကို
အကြောက်ဆုံးဖြစ်ကြောင်း ဖော်ပြခြင်း ဖြစ်သည်။

၂၉၅။ စက်ရုံတစ်ရုံနှင့် မိန်းမတစ်ယောက်သည် တစ်စုံတစ်ခု
ကို အမြဲတမ်း လိုလား တောင့်တနေသော အရာ
များ ဖြစ်သည်။

အီတလီစကားပုံ

၂၉၆။ သူ၏မိန်းမကို ပင်လယ်ထဲသို့ ပစ်ချလိုက်သည့်
အတွက် ကုန်ပစ္စည်းများ အားလုံး ပေါ့ပါးသွား
ပြီဟု ကုန်သင်္ဘောမှ မာလိန်မှူးက ပြောလေသည်။

ဂျာမန်စကားပုံ

၂၉၇။ ကောင်းကင်မှ နတ်ကောင်း နတ်မြတ်များကပင်
မနာလိုမရှုစိမ့်နိုင်သော အပြုံးနှစ်မျိုး မိန်းမသား
တစ်ယောက်မှာ ရှိပါသည်။ တစ်မျိုးမှာ ချစ်သူ
တစ်ယောက်ကို စကားမပြောခင် လက်ခံလိုက်သော
အပြုံးမျိုးနှင့် နောက်တစ်မျိုးမှာ အိမ်ထောင်ကျ၍
သားဦးသမီးဦး ရသောအခါ၌ ပြုံးသော အပြုံး
မျိုးပင် ဖြစ်သည်။

ဟောလီဘာကုန်း

၂၉၈။ ပျိုမျစ် လှပရုံသာ လှပကြသော မိန်းမများအတွက် ဒုက္ခအရောက်ဆုံး ဆင်းရဲဆုံးအရာမှာ အိုမင်းရင့်ရော်ခြင်းပင် ဖြစ်သည်။

စိန့်အဲဗားမောဇ့်

၂၉၉။ ချောမောလှပသော မိန်းမပျို၏မျက်နှာမှ လှပသော မျက်လုံးများသည် စကားပြောကောင်းသူ တစ်ဦးမှာရှိသော ပရိသတ်ကို ဆွဲဆောင်နိုင်သည့် သတ္တိထူးများနှင့် တူလှ၏။

ပလူဝါလိုက်တန်

၃၀၀။ မိန်းမတို့သည် ရှေ့သို့မတိုးဘဲ နောက်ဆုတ်သွားသလိုလို ထင်သော အခါမျိုး၌ ဘေးအန္တရာယ် အပေးဆုံး ကြောက်စရာအကောင်းဆုံး သတ္တဝါများ ဖြစ်ကြ၏။

ပယ်ရီမားကွီးစ်

၃၀၁။ လှပသောမိန်းမများ၏ ကိုယ်ခန္ဓာပုံပန်းသဏ္ဌာန်များသည် ဤလူ့လောကတခွင်ရှိ အခက်အခဲများစွာနှင့် အန္တရာယ် အသွယ်သွယ်တို့ကို ရောယှက်ဖွဲ့စည်းထားသော အရာများ ဖြစ်ကြ၏။ အထူးသဖြင့် ထိုကိုယ်ခန္ဓာမျိုးရှိသော အမျိုးသမီးများကို ပိုင်ဆိုင်ရသော လင်ယောကျ်ားများအတွက် ထိုစကားသည် သေွးတွက်အောင် မှန်လှသည်။

ဘတ်စွန့်ဒီးမူလာ

၁၀၂။ မိန်းမများသည် စိတ်နှင့် ငြင်းခုံခြင်း မပြုဘဲ နှလုံးသားနှင့် ငြင်းခုံတတ်ကြသည်။

မက်သရူးအာနိုး

၁၀၃။ ဤကမ္ဘာမြေတခွင်ဝယ် ချစ်သူအသစ်ကို ရှာဖွေနေရသော မိန်းမတစ်ယောက်လောက် ဒေါသမုန်တိုင်းထန်တတ်သောသူဟူ၍ မရှိချေ။

ကွန်ဂရိဗ်

၁၀၄။ မိန်းမများသည် သူတို့ကိုယ်သူတို့ အပျော်ရွှင်ဆုံးအချိန်ဟု ကြွားဝါပြောဆိုတတ်သော အချိန်သည် သူတို့ကို သူတပါးက လိမ်သွားသောအချိန်မျိုးမှာ ဖြစ်သည်။

ရိန်းစဖို့ဂျိမ်း

၁၀၅။ ယောကျ်ားများသည် မိမိတို့ ရည်းစားဦးအတွက် တသက်သက် အောင်းမေ့ကာ ဘယ်တော့မှ မြေသိမ့်၍မပြေ။ မိန်းမတို့သဘောမှာ ၎င်းတို့၏ နောက်ဆုံးချစ်မိသော ရည်းစားအတွက် တစ်သက်လုံး မေ့ပျောက်ခြင်းငှာ မစွမ်းနိုင်ကြ။

ဂျိမ်းစဝက်(စ်)

၁၀၆။ မိန်းမများသည် သူတို့အား အမြတ်တနိုးအရိုအသေပေးခြင်းကို လိုလားကြသည်။ သို့သော် သူတို့သည် အရိုအသေ ခံထိုက်အောင် အထူး ဂရုစိုက်၍ မနေထိုင်ကြချေ။

ဒူးမက်

၁၀၇။ မိန်းမတစ်ယောက်၌ နှစ်ကြိမ် အသက်ထွက်ရသည်။ တစ်ကြိမ်မှာ ကွယ်လွန် သေဆုံးသောအခါ ဖြစ်၍ အခြား တစ်ကြိမ်မှာ နှစ်သက် စွဲလမ်းမှု ချုပ်ငြိမ်းသွားသောအခါ ဖြစ်လေသည်။

ဂျိမ်းစကွစ်

၁၀၈။ မိန်းမများသည် လူတော် လူကောင်းများ၏ ချွတ်ယွင်းချက်ကို များသောအားဖြင့် မြင်လွယ်တတ်၍ လူယုတ်မာတို့၏ ဂုဏ်ကျေးဇူးကိုမူ မမြင်လွယ်တတ်ကြချေ။

အေနွန်

၁၀၉။ ငရဲသွားရာလမ်းကြောင်းကို မိန်းမတို့၏လျှာများဖြင့် ဖြန့်ခင်းထားသည်။

လိုက်ဘီဂရွန်

၁၁၀။ မိန်းမများ တွေးတောသမျှ အားလုံးကို ယောကျ်ားများသိလျှင် ထို ယောကျ်ားများသည် အကြိမ်နှစ်ဆယ်လောက်ထပ်မံ၍ ရဲတင်းလာကြဦးမည်။

ကား

၁၁၁။ မိန်းမများသည် သင်၏အရိပ်နှင့်တူ၍ သူမနောက်သို့ လိုက်လျှင်ပြေး၍ သူမထံမှပင်ထွက်ပြေးသော် သင်၏နောက်သို့ လိုက်လာလိမ့်မည်။

ချမ်းဖော့စ်

၁၁၂။ မိန်းမအချင်းချင်းကို နှစ်သက်သဘောကျ သည်းခံတတ်သည့် မိန်းမတစ်ယောက်ကို ဘယ်သောအခါကမှ မသိမတွေ့ရ ဖူးသေးပါ။

ဂျိုနသန်ဆွစ်

၁၁၃။ လောကကြီး၌ ကောင်းမွန်သော မိန်းမနှစ်ယောက်ရှိ၏။ တစ်ယောက်မှာ သေဆုံးသွားပြီ ဖြစ်သော မိန်းမနှင့် အခြားတစ်ယောက်မှာ မကြုံတွေ့ရသေးသော မိန်းမပင် ဖြစ်သည်။

ဂျာမန်စကားပုံ

၁၁၄။ မိမိမိန်းမ၏ အဝတ်လဲသော အခန်းထဲသို့ ဝင်သောယောကျ်ားသည် လူမိုက်သော် လည်းကောင်း၊ အဘိဓမ္မာ ဆရာသော်လည်းကောင်း၊ တစ်ယောက်ယောက် ဖြစ်ပေလိမ့်မည်။

ဘဲလ်ဇေ့

၁၁၅။ လူသားများက နတ်များကို ပူဇော်ပသကြသကဲ့သို့ မိန်းမများကလည်း ကျွန်ုပ်တို့ ယောကျ်ားများကို ပူဇော်ပသ ရှိခိုးကြပြီးလျှင်၊ ၎င်းအတွက် တစ်ခုခုလုပ်ပေးရန် ကျွန်ုပ်တို့အား ပူဆာနှောင့်ယှက်နေကြသည်။

အောဝ်စကာဝိုင်း

၁၁၆။ မိန်းမသည် အိမ်မှာ အလှစိုက်ထားသော တိုင်ကပ်နွယ်ပင်နှင့် တူလှသည်။ ယင်းအပင်မျိုးမှာ သစ်ပင်တစ်ပင်ပေါ်၌ တင်ထားပါက သစ်ပင်ကို ရစ်ပတ်လျက် ရှည်နိုင်သမျှရှည်စွာ လှလှပပ တွယ်ကပ်ပေါက်ရောက်တတ်၏။ သို့သော် ထိုအပင်ကို တခြားခွဲထားလိုက်လျှင် ဘာမှ အသုံးမကျတော့ချေ။

မော်လဲယား

၁၁၇။ သဲပွင့်များကို မျိုးစေ့အဖြစ် စိုက်ပျိုးပြီးလှိုင်းကွက်ကလေးများကို မြေကြီး ထင်မှတ်ပြီး ထွန်ယက်ကာ လေကို ပိုက်ကွန်ဖြင့် ပစ်ဖမ်းလျှင် ရနိုင်သည်ဟု မျှော်လင့်နေသောယောကျ်ားနှင့်မိန်းမတစ်ယောက်၏ အသည်းနှလုံးကို မျှော်လင့် တောင့်တနေသောသူသည် အတူတူပင်။

ဆန်နာဇာရို

၁၁၈။ လိမ္မာသော မိန်းမသည် မိမိ၏ လင်ယောကျ်ားဖြစ်သူအားပြေလည်ရာ ပြေလည်ကြောင်းအနေဖြင့် စေ့စပ်ငြိမ်းချမ်းအောင် လုပ်တတ်သည်။ မိုက်သော မိန်းမကတော့ မိမိကိုယ်ကိုသာ စေ့စပ် ပြေငြိမ်းအောင် လုပ်တတ်သည်။

တယ်လီရန့်ဒ်

၁၁၉။ ကျွန်ုပ်သည် သိမ်မွေ့သော မိန်းမအုပ်စုအပေါင်း အသင်း၌ မွေ့လျော်ပျော်ပိုက်သည်။ ကျွန်ုပ်သည် မိန်းမများ၏ အလှကိုကြိုက်သည်။ ထိုမိန်းမများ၏ သိမ်မွေ့မှုကိုကြိုက်သည်။ ထိုမိန်းမများ၏ လျင်မြန်ဖျတ်လတ်မှုကိုကြိုက်သည်။ ပြီးတော့ထိုမိန်းမများ၏ တိတ်တိတ်ကလေး နေခြင်းကိုလည်း သဘောကျသည်။

ဆင်မြူရယ်ဂျွန်ဆင်

၁၂၀။ မိန်းမ တစ်ယောက်၏ မျှော်လင့်ချက်များကို နေရောင်ခြည်များဖြင့် ယက်လုပ် ထားသည်။ အရိပ်မည်းကြီး ထိုးကျလာသည်နှင့် ထိုမျှော်လင့်ချက်နေရောင်ခြည်များသည်လည်း လွင့်ပျောက် သွားကြရပါသည်။

ဂျော့အီလော့

၁၂၁။ မိခင်၏အသည်းနှလုံးသည် သားသမီးများ၏စာသင်ခန်းမဆောင် ဖြစ်သည်။

ဘီချာ

၁၂၂။ စပိန်စကားပုံတစ်ခုက ဆိုထားသည်မှာ 'မိခင်တစ်အောင်စဆိုလျှင် ဘုရားရှိခိုးကျောင်းမှ တရားဟောဆရာ တစ်ပေါင်ထက် တန်ဖိုးရှိသည်' ဟု ဆိုသည်။

တီဒဗလျူဟာစ်ဂျာဝိုဆန်

၃၂၃။ မိခင်ကောင်းတစ်ယောက်ရှိထားခြင်းသည် ကျောင်းဆရာ တစ်ရာထက် ပို၍ တန်ဖိုးရှိ၏။

ဂျော့ဟားဘတ်

၃၂၄။ အရှက်အနည်းဆုံးသောမိန်းမများသည် အသိမ်မွေ့ဆုံးသော မိန်းမများအဖြစ် မကြာခဏ တွေ့ရတတ်သည်။

ကော်တွန်

၃၂၅။ လိမ္မာပါးနပ်သောမိန်းမတစ်ယောက်၌ရန်သူပေါင်း အရေအတွက် သန်းချီ၍ ရှိနေပါသည်။ ထိုရန်သူများကား မိုက်မဲသော ယောကျ်ားများပင်တည်း။

မာရီအက်(ဘ)နာအက်ချင်ဘတ်(ချ)

၃၂၆။ မိန်းမတစ်ယောက်အဖို့ ရုပ်ရည်မလှပဘဲနှင့် ငယ်ရွယ်နုပျိုနေရခြင်းသည် တန်ဖိုးမရှိ၊ အလကားဖြစ်ရသကဲ့သို့၊ အိုကြီးအိုပါမှ ချောမော လှပနေသည်ဆိုလျှင်လည်း အသုံးမကျဖြစ်ရတတ်ပေသည်။

ရှိချေဖိုကော့ဒ်

၃၂၇။ မိန်းမဆိုသည်မှာ လေတိုက်တိုင်း ဘယ်ညာယိမ်းနွဲ့တတ်သော ကျူရိုးကျူပင်နှင့် တူလှ၏။ သို့သော်လည်း ယင်း ကျူရိုးကျူပင် ကလေးများသည် မုန်တိုင်းထန်သော အချိန်၌ ဘယ်တော့မှ ကျိုးပြတ်လဲကျမသွားချေ။

ဝှိုက်တာလေ

၃၂၈။ အများဆုံးသော ယောကျ်ားများသည် မိမိတို့မှာ ရှိသော ကိုယ်ကျင့်အမူအရာများနှင့် ဆန့်ကျင်လျက်ရှိသော မိန်းမမျိုးကိုမှ သဘောကျနှစ်ခြိုက်တတ်ကြသည်။

ဖီးလ်ဒင်း

၃၂၉။ လင်ရပြီးသော မိန်းမတစ်ယောက်သည် အခြားလူတစ်ယောက်နှင့် ချစ်ကြိုက်ရာတွင် ပထမယောကျ်ားနှင့် မတူသော ကွဲပြားခြားနားချက် တစ်ခု ရှိသောကြောင့်သာ ချစ်ကြိုက်ခြင်း ဖြစ်သည်။ မုဆိုးမတစ်ယောက်က နောက် ယောကျ်ား တစ်ယောက်အား ချစ်ကြိုက်ရာ၌မူ သွားလေသူ ယောကျ်ားနှင့် ဆင်တူလှန်း၍သာ ချစ်ကြိုက်ခြင်း ဖြစ်သည်။

ဆမ်းမားဆက်မွမ်

၃၃၀။ ပျိုချစ်နနယ်၍ အသင့်အတင့် လှပချောမောသော အသက် (၂ )နှစ် မိန်းကလေးတစ်ယောက်သည် မည်မျှလောက် အသိဉာဏ် ခေါင်းပါးစေကာမူ အချစ်အောင်ပွဲများကို မြောက်မြားစွာ ခံယူနိုင်စွမ်းရှိသည်။ သို့ရာတွင် လက်စွယ်သို့ ရောက်ရှိပြီးသားအချစ်ကိုမူ တည်တံ့အောင် ထိန်းသိမ်း၍မထားနိုင်ချေ။ အနည်းငယ် ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံ၍ပါးနပ်ကျွမ်းကျင်သည့် အသက် (၃၀)နှစ် မိန်းမ

တစ်ယောက်အဖို့တွင်ကား များစွာသော အချစ်အောင်ပွဲနေ့များကို မသိမ်းပိုက်ရသော်လည်း မိမိလက်တွင်းသို့ ရောက်ရှိလာသည့် အချစ်အောင်ပွဲများကိုမူ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းထားနိုင်စွမ်းရှိပေသည်။

ဒူးပွန့်

၃၃၁။ အကယ်၍သာ 'ကိုယ့်လင်ယောကျ်ား သေဆုံးသည်ကို မငိုရ' ဟူသော လောကထုံးစံရှိခဲ့ပါလျှင် ကိုယ့်လင်၏ အလောင်းကောင်ကြီးကိုကြည့်ပြီး ရယ်သွမ်းသွေး ပြောင်လှောင်ကြမည့်မိန်းမတွေ ဘယ်လောက်များ ပေါ်လိုက်လေမလဲ။

အော်စကာဝိုင်း

၃၃၂။ လူတို့၏ အနာဂတ်ကာလသည် မိန်းမတို့၏ ရင်ခွင်ထဲ၌သာ ရှိ၏။ ဤလောကကြီးအား ဆုံးရှုံးပျက်စီးခြင်းမှ ကယ်တင်နိုင်ရန် စွမ်းရည်သတ္တိမှာ မိန်းမတို့၌သာ တည်ရှိနေပေ၏။

ဘိုးဖို့

၃၃၃။ မိန်းမဟူသည် ဦးနှောက်ဖြင့် မစဉ်းစား မဝေဖန်တတ်ကြဘဲ အသည်းနှလုံးဖြင့်သာ ဝေဖန်စဉ်းစားတတ်ကြ၏။' ထို့ကြောင့် မိန်းမတို့သည် မည်သည့်အရာဝတ္ထုကိုမဆို ပြုလုပ်တိုင်း ပြုလုပ်တိုင်း သုံးပုံနှစ်ပုံလောက် မှားယွင်းတတ်ကြလေသည်။

လိုက်တွန်

၃၃၄။ မိန်းမတို့မည်သည် သူတို့ သဘော မကျသော သူမှ တစ်ပါး အခြားသူများအတွက် တင်းမာ ခက်ထန်သော အမူအရာဟူ၍ မရှိတတ်ကြချေ။

ရှိချေဖိုကော့ဒ်

၃၃၅။ ကောင်းမြတ်သော အရည်အသွေးရှိသည့် မိန်းမတို့သည် တိမ်မြုပ်ပျောက်ကွယ်နေသော ရတနာများနှင့် တူလှ၏။ ထိုရတနာများသည် လိုက်လံ ရှာဖွေခြင်း မခံရသေးသောကြောင့်သာ ကွယ်ပျောက်နေခြင်းဖြစ်၍ ဖော်ထုတ်မည့်သူနှင့် ကြုံသော အခါ အဖိုးထိုက်တန်သော ရတနာများ ဖြစ်လာကြလေသည်။

ရှိချေဖိုကော့ဒ်

၃၃၆။ ကမ္ဘာလောကကြီးသည် ကောင်းမွန် မြင့်မြတ်သော မိန်းမများဖြင့် ပြည့်လျှက်ရှိပါသည်။ ထိုမိန်းမများ၏အကြောင်းကိုသိရှိရန် အလယ်တန်းပညာလောက် တတ်ထားပါက လုံလောက်ပါသည်။

အောဘ်စကာဝိုင်း

၃၃၇။ ဇနီးမယားသည် နေအိမ်သို့ ပြန်ရောက် မလာသေးပါက ယောကျ်ား လုပ်သူသည် 'ဘာများ ဖြစ်နေပါလိမ့်'ဟု သိချင်နေ၏။

လင် ယောကျ်ားသည် နေအိမ် သို့ ပြန်ရောက် မလာသေးပါက မိန်းမလုပ်သူသည် နံ့ကြောဆဲ တတ်တဲ့ ပျံတံတံကောင်မဟာ ဘယ်သူ့ပါလိမ့်တော် ဟု သိချင်နေ၏။ ဆမ်းမားဆက်မွမ်

၃၃၈။ မိန်းမများသည် ကိုယ်ခန္ဓာကို လူမြင် သူမြင် ဖွင့်လှစ် ပြနိုင်သော်လည်း အတွင်း စိတ်သဘောကိုမူကား ဘယ်တော့မှ လူမြင်မခံကြချေ။ မိုး

၃၃၉။ ဦးနှောက် ရှိသော မိန်းမများကို အသည်းနှလုံး ရှိသော မိန်းမများလောက် စိတ်မဝင်စားကြပါ။ ဥပမာဆိုရလျှင် နှင်းဆီပန်းအဖြူများသည် နှင်းဆီ ပန်းအနီလောက် စွဲမက်ဖွယ်ရာ မကောင်းသကဲ့သို့ ပင်တည်း။ ဟုမ်း

၃၄၀။ မိန်းမများ၏ မျက်စိများထဲ၌ မျက်ရည် နှစ်မျိုး နှစ်စား ရှိကြသည်။ ပူဆွေးသောကကြောင့် ကျရ သော မျက်ရည်နှင့် လိမ်ညာသော မျက်ရည်ဖြစ်ကြ ပါသည်။ ပိုက်သဂိုးရပ်(စ်)

၃၄၁။ မိန်းမများကိုမြောက်ပင့်ပြောတတ်သောယောကျ်ား များသည် မိန်းမများ၏အကြောင်းကို မသိကြချေ။ မိန်းမများကို ဆဲရေးသော ယောကျ်ားသည် မိန်းမ များ၏အကြောင်းကို ပို၍ပင် မသိကြပါ။ ဒီစလမ်

၃၄၂။ ပုလဲရတနာသည် သန့်စင်ခြင်း၏ အဓိပ္ပာယ် အသွင် ဆောင်သည်။ သို့သော် မိန်းမ ဆိုသည်ကတော့ ထိုပုလဲရတနာထက် ပို သန့်စင်ပါသေးသည်။

ဘော်ဒွန်

၃၄၃။ ထမင်းစားပွဲကြီးကိုဘယ်လောက်ပင်ခမ်းခမ်းနားနား ဟိန်းနေအောင် ခင်းကျင်း ထားစေကာမူ၊ ထိုစားပွဲ ထိပ်မှာ မိန်းမတစ်ယောက် မပါရင် ဘာအသုံးကျ တော့မှာလဲ။

ဟီဂရက်တန်

၃၄၄။ ချမ်းမြေ့မှုတို့၏ အစစ်အမှန်မှာ မိခင်မေတ္တာ။

ဇရက်ဒရစ်ပိုလော့

၃၄၅။ မိန်းမကောင်းကို သူလုပ်သည့် အလုပ်များဖြင့် သိ အပ်၏။

ဟယ်လင်ရိုးလင်း

၃၄၆။ အိမ်ရှင်မများသည် မျက်ခုံးကို လှအောင် ဆွဲ နိုင်သလောက် ဟင်းကို ကောင်းအောင် မချက်နိုင်။

တိုးတက်ရေး

၃၄၇။ မိန်းမများ သေဘေးမှ ကာကွယ်နိုင်ရန် မာယာ ပရိယာယ်တို့ကို ဘုရားသခင်ကပေးအပ်ထား၏။

စကိုပင်ဟောတာ

၃၄၈။ ရုပ်အဆင်းလှပခြင်းသည် ယောကျ်ားလုပ်သူအတွက် ရာသက်ပန်အလှမဖြစ်နိုင်။

အိပ်ဂျီဝဲလ်

၃၄၉။ အဆိပ်တကာ့ အဆိပ်ထဲတွင် လူဆိပ်သည် အထက်ဆုံး။ လူဆိပ်ထဲတွင် မိန်းမများ၏ အဆိပ်သည် အထက်ဆုံး။

လယ်တီပဏ္ဍိတ

၃၅၀။ မျက်လုံးများသည် မိန်းမတို့၏ နှလုံးသား ပြတင်းပေါက်။ သင်တို့သည် ထိုတံခါးပေါက်မှ အထဲသို့ ဝင်နိုင်ခွင့်ရှိ၏။

ယူဂျင်ဆူ

ယောကျ်ား

၃၅၁။ ယောကျ်ား ဟူသမျှတို့သည် ဝါကြွားပြောဆိုဖို့ရန် တစ်စုံတစ်ယောက်ဆို အမြဲတမ်း ရှာဖွေလျက် ရှိကြ၍ မိန်းမတို့သည် သူတို့၏ ဦးခေါင်းကိုမှီဖို့ရန် ပခုံးတစ်ခုကို အမြဲတမ်းမျှော်လင့်လျက် ရှိကြသည်။

ဟင်နရီလူးဝစ်မက်ကင်

၃၅၂။ လူကောင်း လူရိုးရယ်လို့ ငုပ်နေ့ရှာနဲ့ ချီးမွမ်းခံရတဲ့ လူတွေဟာ မယားရတော့ လင်အဖြစ်နဲ့ လူကြောင်လူနုံကြီးတွေ ဖြစ်ကုန်ကြတာပဲ။

ဦးညာဏ

၃၅၃။ မိမိ ပိုးမရေရုံနှင့် မိန်းမပျို၏ တည်ကြည်မှုကို အပြစ် မပြောပါနှင့်။

အိုလံပစ်

၃၅၄။ ယောက်ျား တစ်ယောက်ကို လက်ထပ်ပြီးက အိမ်ကပ် နေရန် လုပ်ရခြင်းမှာ လက်မထပ်မီက အိမ်မှ နှင်ထုတ်ရသည့် လောက်ပင် ခက်၏။

ဟယ်လင်ဂိုးလင်း

၃၅၅။ မိန်းမပေါင်းများစွာ လက်က လွှတ်ရန် မိန်းမ တစ်ယောက်ကို လက်ထပ်၏။ ထို့နောက် မိန်းမတစ်ယောက်ကို လက်ထပ်ထားကြောင်း မေ့ရန် မိန်းမများနောက်သို့ လိုက်ပြန်၏။

ဟယ်လင်ဂိုးလင်း

၃၅၆။ ယောက်ျားသည် ပထမ အနမ်းကို အလစ်ယူ၏။ ဒုတိယ အနမ်းကို ခွင့်တောင်းခံယူ၏။ တတိယ အနမ်းကို တောင်းဆို၏။ စတုတ္ထကို ရယူသည်။ ထို့နောက် လက်ခံသည်။ နောက်ဆုံး အားလုံးသော အနမ်းကို ခံယူတော့၏။

ဟယ်လင်ဂိုးလင်း

၃၅၇။ ယောက်ျား တစ်ယောက်၌ မိမိ ယုံကြည်ချက် ပျောက်ဆုံး သွားသောအခါနှင့် ဂုဏ်သရေ သိက္ခာ ဆုံးပါးသွားသော အခါတို့၌ အသက်မရှိတော့ပေ။

စ(တ)တသာ

၃၅၈။ အပြစ်ရှိသည့် ယောကျ်ား အတော် များများကို မိမိ၏ မယားအပေါ်၌ အလွန်အမင်း အချစ်လွန်ကဲမှုကြောင့် ခြေရာခံ၍ ဖမ်းမိနိုင်သည်။

နပိုလီယန်

၃၅၉။ ယောကျ်ားဆိုသည်မှာ ဘဝင်မြင့်ပြီး စိတ်ကြီးဝင်သည့် ရောဂါဝေဒနာက အားပေး အားမြှောက် ထထကြွကြွဖြစ်အောင် လုပ်ပေးသမျှ ထိုသတ္တဝါများသည် စကားကို နည်းနိုင်သမျှနည်းနည်းပဲ ပြောတတ်ကြသည်။

ရှိချေဖိုကော့ဒ်

၃၆၀။ လောကကြီးကို စည်းစိမ်အရှိဆုံးဖြင့် ခံစားသွားကြရသော ယောကျ်ား များသည် မာကျောသော နှလုံးသားကိုပိုင်သော ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။

မာတီနော်

၃၆၁။ မှန်ပါသည်။ ယောကျ်ားဆိုသည်မှာသူ၏ဘဝတာ၌ ဘာမျှမရှိသော ရေပုံးကို ရေတစ်စက်မှ မရှိသော ရေတွင်းထဲသို့ ချ၍နေခြင်းဖြင့် အချိန်ဖြုန်းတီးနေတတ်သော သူဖြစ်၍ ယင်းဘာမျှမရှိသော ရေပုံးကို ခဏခဏ ဆွဲငင် ခပ်နေခြင်းဖြင့် မိမိ၏ အရှယ်ကို အကျိုးမဲ့ ကုန်ခန်းစေသော လူမျိုးပင်ဖြစ်ပါသည်။

ဆာစ်ဒနီစမစ်

၃၆၂။ ယောကျ်ားဆိုသည်ကား သူ့ပတ်ဝန်းကျင်အားလုံးက သူ့ကို ရယ်ပြုံးနေခိုက်၌ သူက ငိုကြွေးမြည်တမ်း၍ လောကကြီးထဲသို့ ဝင်ရောက်လာတတ်သူဖြစ်သည်၊ သူ့ပတ်ပတ်လည်က သူ့အား ဝိုင်း၍ ငိုကြွေးနေခိုက်၌မူ ထိုယောကျ်ားသည် လောကကြီးထဲမှစွန့်ခွာထွက်သွားပြီးပြုံးလည်း မပြုံးနိုင်တော့ချေ။

နစ်ကိုလေအီဗစ် (ချ)

၃၆၃။ တိုင်းပြည်တစ်ပြည်၏ ယဉ်ကျေးမှုကို မှတ်ကျောက်တင် စစ်ဆေး ကြည့်လိုက်မည်ဆိုပါက သန်းခေါင်စာရင်းအရဖြင့်လည်း မဆုံးဖြတ်နိုင်။ မြို့တော်ကြီးများ၏ ပမာဏအားဖြင့်လည်း စဉ်းစား၍ မဖြစ်။ ကောက်ပဲသီးနှံ ထွက်ကုန်အားလည်း ရေတွက်၍ မရ၊ အဆုံးမှာ ထိုတိုင်းပြည်ရှိ ယောကျ်ားများ၏ အရည်အသွေး၌သာ ထိုယဉ်ကျေးမှုသည် တည်ရှိနေပေသည်။

အီမာဆင်

၃၆၄။ လူမိုက်တစ်ရာထဲမှ လူလိမ္မာ တစ်ယောက် ပေါ်ပေါက်ရန် မဖြစ်နိုင်သကဲ့သို့ သူရဲဘောကြောင်သည့် ယောကျ်ားထံမှ အထူး စွန့်စားပြီး ရဲရဲတောက်ဆုံးဖြတ်ရသော ဆုံးဖြတ်ချက်သည်လည်းထွက်ပေါ်လာရန် ခက်ခဲလှပေသည်။

ဟာစ်တလာ

၃၆၅။ အခက်အခဲဟူသမျှတို့သည် ယောကျ်ားတွေ ဘယ်လို အစားထဲက သတ္တဝါတွေ ဖြစ်ကြကြောင်းကို ထင်ရှားအောင် ပြပေးသော ဝတ္တုကိစ္စ ရိယာများနှင့် တူလှပေသည်။

အက်ပစ်တီးတပ်စ်

၃၆၆။ မရဲရင့်သောသူသည် လှပသော မိန်းမကို မရထိုက်ချေ။

ဂျွန်ဒိုင်ဒင်

၃၆၇။ ယောကျ်ားများ ငြင်းခုံကြသောအချက်မှာ မိန်းမများသည် ဝေးလွန်းနေလျှင် စိတ်မချရဟူသော အချက်ဖြစ်၍၊ မိန်းမများ ငြင်းခုံကြသောအချက်မှာ ယောကျ်ားများသည် နီးလွန်းလျှင် စိတ်မချရ ဟူသော အချက်ပင်ဖြစ်သည်။

ဟင်နရီသ ရိုနီ

၃၆၈။ အလွန်တရာ လှပချောမောကြသော မိန်းမများ၏ လင်ယောကျ်ားတို့သည် ရာဇဝတ် အကျဉ်းသမားကြီးများ ဖြစ်တတ်ကြသည်။

အော်စကာဝိုင်း

၃၆၉။ ယောကျ်ားတိုင်း ယောကျ်ားတိုင်းမှာ ရည်မှန်းချက်မအောင်မြင်မချင်း မာနကြီး ဘဝင်မြင့် ရောဂါစွဲကပ်ဖို့ရန် အခွင့်အရေးတစ်ခုစီ ရှိကြသည်။

အိမ်ထောင်ရေး

၃၇၀။ နေအိမ်ဆိုသည်မှာ မိန်းကလေးများ၏ အကျဉ်းထောင်ဖြစ်ပြီး၊ မိန်းမကြီးများ၏ အလုပ်ရုံတစ်ခုဖြစ်သည်။

သိုးဆောင်းစကားပုံ

၃၇၁။ အချစ်သည် အိမ်ထောင်ပြုခြင်း၏ အရုဏ်ဦးဖြစ်သလို အိမ်ထောင် ပြုခြင်းသည်လည်း အချစ်၏ နေဝင်ဆည်းဆာအချိန် ဖြစ်လေသည်။

ပြင်သစ်စကားပုံ

၃၇၂။ ဘယ်နည်းနှင့်မဆို အိမ်ထောင် ပြုလိုက်ပါ။ ဇနီးကောင်းရလျှင် သင်သည် ပျော်ရွှင်မည် ဖြစ်၍ ဇနီးဆိုးရလျှင် သင်သည် အတိမ့်မှာ ဆရာကြီးတစ်ယောက် ဖြစ်လာမည်။

သိုးဆောင်းစကားပုံ

၃၇၃။ အိမ်တစ်လုံးကို ဝယ်ယူရာနှင့် မယားတစ်ယောက် ယူရာ၌ သင်၏မျက်လုံးများကို စုံမှိတ်ထားပြီး သင့် ကိုယ်ကို ဘုရားသခင်ထံ အပ်နှံထားလိုက်ပါ။

အီတလီစကားပုံ

၃၇၄။ ယောကျ်ားတကာတို့တွင် ပထမဦးဆုံး ဘုရားသခင် ဖန်ဆင်းပေးလိုက်သော 'အာဒံ' တစ်ယောက်တည်း သာလျှင် စိတ်အချမ်းသာဆုံးသောလူဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် သူ့မှာ ယောက္ခမ မရှိ သောကြောင့် ဖြစ်ပေသည်။

ပေါလ်ပါမဲရစ်

၃၇၅။ အသင် တစ်နာရီမျှပျော်ရွှင်လိုလျှင် အရက်သောက် ပါ။ သုံးရက်လောက် ပျော်ရွှင်လိုပါက မိန်းမ ယူပါ။ ရှစ်ရက်လောက် ပျော်ရွှင်လိုပါက သင်၏ ဝက်ကို သတ်စားပါ။ သို့သော် ရာသက်ပန် ပျော် ရွှင်လိုပါမူ ဥယျာဉ်စိုက်ပျိုးပါ။

တရုတ်စကားပုံ

၃၇၆။ အိမ်ထောင်ပြုခြင်းသည် ကစားနည်းသစ် တစ်ခုကို တီထွင်လိုက်ခြင်းပင်ဖြစ်၏။ ထိုကစားနည်းသစ်မှာ သူတစ်ပါး၏ မယားကို ကြာခိုခြင်းပင်ဖြစ်တော့၏။

ဂျိုက်ဆန်

၃၇၇။ မိန်းမများသာ ရှိနေကြသောအခါ၌ မည်သို့မည်ပုံ အချိန်ကုန်လွန်စေကြောင်းကို ယောကျ်ားများသာ သိရှိကြလျှင်၊ ယောကျ်ားတို့သည် ဘယ်အခါမှ အိမ်ထောင်ပြုတော့မည် မဟုတ်ချေ။

အိုဟင်နရီ

၃၇၈။ မချစ်ဘဲနှင့် လက်ထပ်ယူမှုတွေရှိနေပါက၊ လက်ထပ်မယူဘဲနှင့် ချစ်ကြိုက်မှုလည်း ရှိပေလိမ့်မည်။

ဖရန့်ကလင်

၃၇၉။ လက်ထပ် လုနီးနီး ဖြစ်နေသော သူတို့အတွက် အကြံဉာဏ်ပေးရမည်ဆိုသော်၊ လက်မထပ်ပါနှင့်ဟု အကြံပေးရမည်။

ဟင်နရီပက်သရူး

၃၈၀။ မိန်းမသားရဲ့ လုပ်ငန်းက အတတ်နိုင်ဆုံး အမြန်ဆုံး ယောကျ်ားယူရန် ဖြစ်၍ ယောကျ်ားရဲ့ လုပ်ငန်းတာဝန်က ကြာနိုင်သမျှ ကြာကြာကလေး မိန်းမ မယူသေးဘဲ နေခြင်းပင်တည်း။

ဘားနပ်ရှော

၃၈၁။ မြန်မြန်သာ အိမ်ထောင်ပြုလိုက်ပါ။ ပြီးတော့ အားလပ်တဲ့ အချိန်ကလေးရတော့မှ အိမ်ထောင် ပြုမိတာ မှားလေခြင်းဟု ပူဆွေးနောင်တရပါ။

ကွန်းဂရိ(ဗ်)

၃၈၂။ မင်္ဂလာဆောင် လှည့်လည်ပွဲအခမ်းအနားသို့ တီးမှုတ်သော ဂီတသံကို ကြားရသောအခါ တိုက်ပွဲဝင် စစ်သည်တော်များ သီဆိုတီးမှုတ်သော ဂီတသံကို အမြဲတမ်း သတိရခဲ့ပါသည်။

ဟာင်းနရစ်ဟိန်း

၃၈၃။ အရက်နှင့် အစားအသောက်ရှိလျှင် မိတ်ဆွေရှိမည်။ ထင်းနှင့်ဆန်ရှိလျှင် လင်မယား သင့်မြတ်သည်။

တရုတ်စကားပုံ

၃၈၄။ မိဘများက လူချမ်းသာမှုအတွက် အဓိက ထား၍ စဉ်းစား၏။ သားသမီးများက စိတ်ချမ်းသာမှုကို အရေးတကြီးထား၍ စဉ်းစားကြသည်။

ရန်အောင်

၃၈၅။ ငွေကိုမက်၍ လက်ထပ်သူသည် ရသော ငွေနှင့် တန်အောင် ဒုက္ခတွေ့တတ်သည်။

၃၈၆။ ဂရုစိုက်မှုကင်းသော လင်ယောကျ်ား၏ ဇနီးဖြစ်နေခြင်းသည် မုဆိုးမ ဖြစ်နေခြင်းနှင့် ဘာမျှ မခြားတော့ပေ။

ဟန်ဂေရီစကားပုံ

၃၈၇။ အိမ်ထောင် ပြုခြင်းသည် ကတ်ကျေး တစ်လက်နှင့် တူ၏။ ခွဲ၍မရဘဲပူးပေါင်းနေ၏။ သို့သော်ထိုသို့လှုပ်ရှားရင်းဖြင့် ကြားဝင်လာသမျှကို ဒဏ်ခတ်သည်။

ဆစ်ဒနီစမစ်

၃၈၈။ အိမ်ထောင် မကျမီ၌ ယောကျ်ားသည် သင့်စကားများကို ပြန်လည်တွေးတောရင်း အိပ်မပျော်ဘဲ ရှိနေ၏။ အိမ်ထောင် ကျပြီးသော အခါ၌မူ သင့်စကားမဆုံးမီ သူအိပ်ပျော်ပေလိမ့်မည်။

ဟယ်လင်ရိုးလင်း

၃၈၉။ မိန်းကလေးအဖို့ လက်ထပ်ခြင်းသည် ယောကျ်ားအများ ဂရုစိုက်မှုနှင့် ယောကျ်ား တစ်ဦး၏ ဂရုစိုက်မှုကို လဲလှယ်ယူရခြင်းပင် ဖြစ်၏။

ဟယ်လင်ရိုးလင်း

## နိုင်ငံရေး

၃၉၀။ ကိုယ့်အဖို့ ကိုယ်တွေးကြပါ။ သူတစ်ပါးကိုလည်း ကိုယ့်ကဲ့သို့တွေးကြည့်ရန် အခွင့်အရေးပေးပါ။

ဗေါ်လတဲယား

၃၉၁။ လူတို့၏ စိတ်ဝိညာဉ်ကို မည်သူမျှ နှောင်ကြိုး တဲ၍ မထားနိုင်။

ဂျင်နား (ပါကစ္စတန်ပြည်၏ ဖခင်ကြီး)

၃၉၂။ လူတစ်ဦးကို တစ်ဦးက အုပ်ချုပ်ရာ၌ ထိုအုပ်ချုပ်ခံရသူ၏ သဘောတူညီမှုကို ရရှိမှသာ တရားမှန်ကန်သည်။

အေဘရာဟင်လင်ကွန်း

၃၉၃။ အလုပ်မဖြစ်ဟု ထင်နေလျှင် ဘာတစ်ခုမျှ လုပ်၍ ရမည်မဟုတ်၊ လုပ်၍ရမည်ဟု ယုံကြည်မှတ်ယူပါက နောက်ဆုံး လုပ်မဖြစ်သည့် တိုင်အောင် လုပ်နည်း ရှာ၍ လုပ်မိမှာက အမှန်ဖြစ်သည်။

ဂန္ဒီ

၃၉၄။ သင် မနရှင် ဖြစ်ခဲ့လျှင် သင်၏ အကြီးဆုံးသော ရန်သူမှာ ဆင်းရဲသား။ သင် ဆင်းရဲသားဖြစ်ခဲ့လျှင် သင်၏ အကြီးဆုံးသော ရန်သူမှာ မနရှင်။

ဦးဥာဏိဿရ

၃၉၅။ သင်တစ်ပင်ကောင်း ငှက်တစ်သောင်း နားရသည်။ မနရှင်ရှိ၍ ဆင်းရဲသားများ မှီခိုရာ ရကြသည် ဟူသော သဘောတရားကား ဖားခေါင်းကိုမှီခိုရာဟု မှတ်ထင်နေသော ဖားသယ်မ သဘောတရားမျိုးသာ ဖြစ်သည်။

ဥာဏိဿရ

၃၉၆။ ယနေ့အဖို့ အကြီးမားဆုံးသော ရောဂါဟာ အနာကြီးရောဂါ သို့မဟုတ် အဆုပ် ရောဂါ စသည်တို့မဟုတ်ပါဘူး။ ဘယ်သူတစ်ဦးတစ်ယောက် ကမှ မလိုလားတဲ့ မပြုစုမစောင့်ရှောက်ဘဲ ပစ်ပယ် ခံထားရတဲ့ ဘဝမျိုးနဲ့ တွေ့ကြုံ ခံစားနေရခြင်း ဟာသာ အကြီးမားဆုံး ရောဂါပဲပါ။

မာသာထရီဆာ

(၁၉၇၉-ငြိမ်းချမ်းရေး နိုဗယ်ဆုရှင်)

၃၉၇။ တိုင်းနိုင်ငံသည် ခန္ဓာအိမ်နှင့် တူ၏။ အကြောင်းမူကား ဝင်ကုန်များ၍ ထွက်ကုန်နည်းလျှင် ဝမ်းချုပ်သေတတ်လေသည်။

၃၉၈။ ရောင့်ရဲ တင်းတိမ်သော လူမျိုးသည် အောက်ကျနောက်ကျသောအဖြစ်မျိုးမှလွတ်ကြမည်မဟုတ်ပေ။

ပီမိုးနင်း

၃၉၉။ ကိုယ့်အရေးနှင့် သူတစ်ပါးအရေး၊ ကိုယ့်အိမ်ထောင်နှင့် သူတစ်ပါး အိမ်ထောင်၊ ကိုယ့်နယ်မြေနှင့် သူတစ်ပါး နယ်မြေ၊ ကိုယ့်တိုင်းပြည်နှင့် သူတစ်ပါး တိုင်းပြည်၊ ကိုယ့်အဖွဲ့အစည်းနှင့် လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးတို့ကို နှိုင်းယှဉ်လျက် စဉ်းစားဆင်ခြင်ရမည်။

လောင်ဆူ

၄၀၀။ စစ်သည် လူရိုင်းများအလုပ်။

နပိုလီယန်

၄၀၁။ အာဏာသည် ဒုက္ခကြီးစွာ ပေးတတ်သော လူနာ၊ ထိုသမျှနေရာ၌ ပေကျံ သနသွားမည်သာ။

ရှယ်လီ

၄၀၂။ စစ်အတွင်းမှာ သစ္စာမှန်ဘူးသလော။

ဟင်္ဂဝန်းအိမ်

၄၀၃။ နိုင်ငံ တစ်ခုသည် သူရဲကောင်းတို့အား ချီးမြှင့် ကောင်း ချီးမြှင့်ပေးအံ့။ ထိုနိုင်ငံသည် အသက်ရှင်၍ နေသော နိုင်ငံဖြစ်သည်။

သခင်ထွန်းအုပ်

၄၀၄။ မျိုးချစ်တစ်ဦး၏ သွေးတစ်စက်သည် ဝန်ကြီးချုပ် ရာထူးထက် အဖိုးတန်၏။

ဆယ်သန်း

၄၀၅။ အရမ်းမဲ့ ဆူပူကြွေးကြော်ခြင်းသည် ပင်ပန်းရုံမျှမက နှိပ်ကွပ်ခြင်းကိုပင် ခံရတတ်၏။

ပျံ့ချီ

၄၀၆။ စစ်ရှုံးခြင်းနောက် ဒုတိယကြောက်ဖွယ် အကောင်း ဆုံးက စစ်နိုင်ခြင်း။

ဗိုလ်ချုပ်ကြီးဝဲလ်လင်တန်

၄၀၇။ လွတ်လပ်ရေးတိုက်ပွဲများကို တန်ဖိုးကြီးကြီးမပေးဘဲ တိုက်၍ မရချေ။

ဂန္ဒီ

၄၀၈။ ကမ္ဘာပျက်ချင်ပျက်ပလေ့စေ၊ တရားမျှတမှုကိုမပျက် စေနှင့်။

ဘုရင် ဖာဒီနန်

၄၀၉။ လူတို့ကို မြင့်ခိုးသောကြောင့် စက်တိုင် တင်ခြင်း မဟုတ်၊ စက်တိုင်တင်ခြင်းဖြင့် မြင်းမခိုးကြရအောင် ဖြစ်သည်။

ဂျော့ဟာလီဖက်

၄၁၀။ တန်ခိုးအာဏာအတွင်း၌ ရှင်သန်နေခြင်းဖြင့် အမှား
သည် အမှန်သို့ ရောက်မလာနိုင်။
တာဂိုး

၄၁၁။ ကမ္ဘာပေါ်တွင် ခေါသည် ဘိန်းထက် ပို၍ဘူးရောက်
စေခဲ့၏။
ဂန္ဒီ

၄၁၂။ အာဏာသည် ဖောက်ပြန်စေတတ်၏။ အကြွင်းမဲ့
အာဏာသည် အကြွင်းမဲ့ ဖောက်ပြန်စေ၏။
အက်တန်းဂျေ

၄၁၃။ အုပ်စိုးသူများက ဥပဒေကို မရိုသေလျှင် သို့မဟုတ်
အာဏာကို ဖောက်လွှဲဖောက်ပြန် ပြုလုပ်ပါက ထို
သူကို အပြစ်ပေးနိုင်သော အခွင့်အရေးအာဏာသည်
လူထုလက်ထဲတွင် ရှိရမည်။
မာဆီလျှစ်

၄၁၄။ စာရိတ္တအရာတွင် မှားယွင်းနေပြီဆိုပါက မည်သည့်
အရာမျှ နိုင်ငံရေးအရ မှန်ကန်ခြင်း မရှိတော့ပေ။
ဒယ်နီရယ်အိုကောင်နယ်

၄၁၅။ နိုင်ငံရေးဟာ သွေးမထွက်တဲ့ စစ်ဖြစ်တယ်၊ စစ်ဟာ
သွေးထွက်တဲ့ နိုင်ငံရေးဖြစ်တယ်လို့ ဆိုနိုင်တယ်။
မော်စီတုန်း

၄၁၆။ ရာဇဝင်ဆိုသည်မှာ လူ့လောက၏ ရာဇဝတ်မှုများ၊ မိုက်မဲမှုများနှင့် ကြမ္မာဆိုးများကို မှတ်တမ်းတင်ထားသော စာရင်းစာအုပ်ကြီး သာသာမျှသာတည်း။

ဂစ်ဘွန်

၄၁၇။ အာမဟုတ်သော မဖြစ်စလောက်ဟု ထင်ရသော သေးငယ်သည့် အချက်အလက် တစ်ခုပင် ဖြစ်စေ တစ်ခါတစ်ရံ ရာဇဝင်သမိုင်းတစ်ခုလုံးကိုအထောက်အကူပြုနိုင်သည်။ ပြောင်းလဲသွားစေနိုင်သည်။

အေဘာရာဟင်လင်ကွန်း

၄၁၈။ အတ္တဟိတအတွက် ပရဟိတကို လုပ်ရမည်။ ပရဟိတအတွက် အတ္တဟိတကို မဆုံးရှုံးစေရ။ ပရဟိတနှင့် ဆက်စပ်ခြင်းမရှိသော အတ္တဟိတကိုလည်း မလုပ်စေရ။

အာရီစတော်တယ်

၄၁၉။ သစ္စာတရားဆီသို့ သွားရာလမ်းကြောင်းကို မည်သူတစ်စုံတစ်ဦးကမျှ တားဆီး ပိတ်ဆို့၍ မရပါ။ ဖောက်ထွင်း ကျော်လွှား၍ သွားရမည်ပင်။ ကျွန်ုပ်အနေနှင့်ဆိုလျှင် သစ္စာတရားအတွက် သေမင်းကိုလက်ခံရသော် လက်ခံရမည်။

ဆိုဇင်နစ်ဇင်

၄၂၀။ တကယ်အရေးကြီးသော အချက်မှာ မည်သူမှန်သည် ဟူသော အချက် မဟုတ်၊ မည်သည့်အရာသည် မှန်သည်ဟူသော အချက်သာ ဖြစ်ပေသည်။

တီအိပ်ချ်ဟတ်စလေ

၄၂၁။ ကြိုးစားလျက်နှင့် ရှုံးနိမ့်ရသူတို့မှာ မကြိုးစားဘဲနှင့် အောင်မြင်ကြသူတို့ထက် ပို၍ အစွမ်းထက်သူများ ဖြစ်လေသည်။

ဝါတာဟောက်စ်

၄၂၂။ ကောင်းသော အစိုးရ၏ လက်အောက်၌ နေထိုင်ရသော လူမျိုးသည် လွတ်လပ်ရေးကို ရှာရန်မလိုပေ။

ဆာဝါလတာရလေး

၄၂၃။ အဘိဓမ္မာပညာရပ်၏တာဝန်သည် ကမ္ဘာမြေကြီးကို အနက်အဓိပ္ပာယ် ဖွင့်ဆိုနေရုံမျှသာ မဟုတ်တော့ချေ။ ကမ္ဘာမြေကြီးကို ပြောင်းလဲပစ်လိုက်ရန် ဖြစ်သည်။

ကားမတ်(စ်)

၄၂၄။ ထီးသဉ်းနန်းသဉ်း၊ မြို့သဉ်း သုညသုန်းသုံးဝဖြင့်၊ သုံးရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည်၊ သေသော်မှတည့်၊ ဩော်ကောင်း၏။

ဆီးဘန်းနီဆရာတော်

၄၂၅။ လူတစ်မျိုးသည် လူတစ်မျိုးကို အုပ်စိုးချုပ်ချယ်ရာတွင် အုပ်စိုးခံရသောလူမျိုးက အအုပ်စိုးခံနေသည် အထိသာ အုပ်စိုးနိုင်ပေမည်။ ယနေ့ လွတ်လပ်လိုသော ဆန္ဒရှိလျှင် ယနေ့ပင် လွတ်လပ်နိုင်၏။

သခင်ဘတင်

၄၂၆။ တော်လှန်တယ်ဆိုတာ အဓိပ္ပာယ်ဘာလဲ၊ များသောအားဖြင့် ယူဆနေကြတာက သွေးထွက်သံယိုဖြစ်တဲ့ တော်လှန်ရေးကိုသာ တော်လှန်ရေးလို့ ယူဆနေကြတယ်၊ ဒါဟာ လုံးဝမမှန်ဘူး။ တော်လှန်ရေးဟာ သွေးထွက်သံယိုရှိတဲ့ တော်လှန်ရေး၊ သွေးထွက်သံယိုမရှိတဲ့ တော်လှန်ရေးရယ်လို့ နှစ်မျိုးရှိတယ်။

ဗိုလ်ချုပ်အောင်ဆန်း

၄၂၇။ အကြံကြီး၍နေသောသူသည် အလုပ်လုပ်၍နေသော သူများလောက် ခရီးမရောက်။

ပီမိုးနင်း

၄၂၈။ လူသားတို့ သိသမျှသော ကျမ်းဂန် အထောက်အထားများများ ကိုးကား၍ ဓာဒက တက်စေကာမူ အမှားကို မည်သို့မျှ ခွင့်လွှတ်၍မရနိုင်။

မဟာတ္တမဂန္ဒီ

၄၂၉။ လူတွေသည် ပင်ကိုယ်စရိုက်အားဖြင့် ကောင်းသောသူများဖြစ်သည်။ သဘာဝအားဖြင့် အချင်းချင်းကို ခင်တွယ်တတ်သော သဘောရှိသည်။ မိမိတို့၏ မှားယွင်းသော အပြုအမူများကို ရှက်ကြောက်ခြင်းဖြင့် ညစ်ညမ်းမှုကို ပပျောက် စေနိုင်သည်။ သို့ဖြစ်၍ ကောင်းသော နမူနာများကိုပြသ၍ ပညာပေးခြင်းဖြင့် လူတွေ၏ အမှားကို ပြုပြင်နိုင်သည်။

မင်းစီးယပ်

၄၃၀။ စစ်သည် ဖျက်ဆီးမှု သိပ္ပံပညာဖြစ်၏။

အဘော့

၄၃၁။ မည်သည့် လူနေမှု အဆောက်အအုံမျှ အကြွင်းမဲ့နှင့် ထာဝရ မှန်ကန်သည် မဟုတ်။

ဝီလျံ အော့စီအောက္ကမ်

၄၃၂။ လူတိုင်းလူတိုင်းသည်မွေးဖွားလာသည်နှင့်တပြိုင်နက် အခွင့်တူ အရေးတူ ရရှိလာသော သတ္တဝါ ဖြစ်သည်။

ရူဆိုး

၄၃၃။ နိုင်ငံရေးဟူသည် တိကျသော သိပ္ပံပညာရပ် မဟုတ်ပေ။

ဘိစမတ်

၄၃၄။ ကျွန်ုပ်တို့ ရင်ဆိုင်ရသည်မှာ အခြေအနေ ဖြစ်၏၊ သဘောတရား မဟုတ်ပေ။

ဂျီကလိ(ဖ)လင်း

၄၃၅။ လုပ်ကြံ သတ်ဖြတ်ခြင်းသည် ကမ္ဘာ့ ရာဇဝင်ကို ဘယ်နံရောအခါကမှ မပြောင်းလဲနိုင်ခဲ့ပေ။

ဒစ်စရေယ်လေ

၄၃၆။ ရာဇဝင်ကို ဖန်တီးခဲ့သူများကား၊ ရာဇဝင် ရေးရန် အချိန်မရရှိခဲ့ချေ။

မီဘာနစ်(ချ)

၄၃၇။ တရားဥပဒေ လမ်းဆုံးသွားသည်နှင့် ရက်စက် ကြမ်းကြုတ်မှု စတင်ပေတော့သည်။

ဝီလျံပစ်

၄၃၈။ အကြင်သူသည် ရန်သူ့အပေါ်တွင် အင်အားဖြင့် အနိုင်ယူခဲ့ချေက၊ မိမိရန်သူ၏ထက်ဝက်ကိုသာ အနိုင်ရခြင်းမည်ပေသည်။

မီ(လ်)တန်

၄၃၉။ အိုလူသား၊ သင်သည် ဘာလျှင် သင်၏မိတ်ဆွေ ဖြစ်သည်။

မဟာဗီရ

၄၄၀။ စိတ်ကူးဉာဏ်သည် ကမ္ဘာကို လွှမ်းမိုးနိုင်လေသည်။

နပိုလျံ

၄၄၁။ ငြိမ်းချမ်းရေးကို ဘာနှင့်ပင်လဲရ၊ လဲ့ရ၊ ဂုဏ်သရေပင် အပျက်ခံရခံရ၊ ရအောင်ယူမည်။

အဲချ်(လ်)မန်းနင်း (စာရေးဆရာကြီး)

၄၄၂။ အလုပ်ကို အကြွေးမထားဘဲ စိတ်ထဲတွင် ဖြစ်ပေါ် လာတိုင်း လုပ်သွားမည်ဆိုပါက ဤကမ္ဘာလောက ကြီးသည် အလွန်အံ့ဩဖွယ် လောကကြီး တစ်ခု ဖြစ်လာလိမ့်မည်။

ဂရစ်

၄၄၃။ ရှုံးလိမ့်မည်ဟု ကြောက်ရွံ့ စိုးရိမ်နေသူများ ရှုံးမည် သာဖြစ်၏။

နပိုလျံ

၄၄၄။ တစ်ဦးက အခြားတစ်ဦးထက် နိမ့်သည် မြင့်သည်ဟု မှတ်ယူနေသ မျှ ညီမျှမှု အစစ်အမှန်မရနိုင်ပေ။

ဂန္ဒီ

၄၄၅။ ညီမျှနေသူများကြားတွင် ဗိုင်လုပ်ရန် နေရာမရှိချေ။

ဂန္ဒီ

၄၄၆။ စိတ်နှလုံးမြင့်မြတ်မှု မပါသော တရား မျှတခြင်းသည် ရှိုင်းလော့၏ တရားမျှတခြင်းမျိုး ဖြစ်တတ်၏။

ဂန္ဒီ

၄၄၇။ မေတ္တာကပေးသော တရားမျှတမှုမှာ ခွင့်လွှတ်ခြင်း၊ ဥပဒေက ပေးသော တရားမျှတမှုမှာ အပြစ်ပေးခြင်း။

ဂန္ဒီ

၄၄၈။ လူသားအချင်းချင်း မေတ္တာကရုဏာ ရှေ့ထားပြီး လုပ်ကိုင်တဲ့ လုပ်ဆောင်ချက် များကို အသိအမှတ်ပြုခြင်းဟာ ငြိမ်းချမ်းရေးအတွက် ဖြစ်ပါတယ်။

မာသာထရီဆာ

၄၄၉။ စကားပြော ကောင်းသူထက် စကား နားထောင် ကောင်းသူကို လူတို့ ပိုသဘောကျသည်။

မောဃာဆွန်

အတွေ့တွေ့

၄၅၀။ ထောင်လွှားခြင်းသည် လူကို မြင့်တက် အောင် မှုတ်ထားသော်လည်း၊ မကျအောင် ထောက်မို၍ ကား မထားတတ်ချေ။

ရာစလင်း

၄၅၁။ မကျန်းမာခြင်းသည် ဆင်းရဲခြင်းထက် ပို၍ကြောက် စရာကောင်းသော ရန်သူကြီး။

နက်စဖီးသဒ္ဒါကျမ်း

၄၅၂။ ရယ်သွမ်းသွေးခြင်း မခံရလျှင် ထို အမှန်တရားသည် အစစ်အမှန် မဟုတ်ပေ။

လာအိုစီ

၄၅၃။ ကြော က်သင့် မကြောက်သင့် ခွဲသိမြင်နိုင်ခြင်းသည် ရဲရင့်ခြင်းမည်၏။

ပလေတို

၄၅၄။ လူသည်လမင်းနှင့်တူ၏။ သူ့၌မည်သူ့ကိုမျှမပြသော အခြည်းတစ်ခြမ်း ရှိပေသည်။

မက်ကျူ ိင်း

၄၅၅။ သစ်တစ်ပင်သည် ကျောက်တုံး ဖြစ်နိုင်သော်လည်း ကျောက်တုံးတစ်တုံးသည် သစ်ပင်မဖြစ်နိုင်၊ ကျောက် ရုပ်တစ်ခုခုသာ ဖြစ်နိုင်၏။

အရစ္စတိုတယ်

၄၅၆။ သန့်ရှင်း အဖိုးတန်သော ကိုယ်ကျင့်တရားများ၊ ဖြစ်ပေါ်လာရန် မည်သည့်ကျောင်းကမှ သင်ကြား မပေးနိုင်ပါ။ မိမိအတွေ့အကြုံနှင့် ရသစာပေမွန်တို့ က ပေးသောအသိက ဖြစ်စေနိုင်၏။

ဟားဘတ်ပေင်ဆာ

၄၅၇။ အိုးသည့်တိုင် အကျင့်သီလရှိခြင်း၊ သဒ္ဓါနိုင်မြဲခြင်း၊ ပညာကိုရခြင်း၊ မကောင်းမှုကို မပြုခြင်းတို့သည် ချမ်းသာ၏။

ဓမ္မပဒ

၄၅၈။ အနာသည် ကိုယ်နှင့်အရင်းအနှီးဆုံး၊ ရင်းနှီးတိုင်း အကျိုးမပြု၊ တော၌ ပေါက်သော ဆေးပင်သည် ကိုယ်နှင့်မရင်းနှီး၊ သို့သော် အကျိုးပြု၏။

လောကနီတိ

၄၅၉။ အပျက်တကာ့အပျက်အပေါင်းတို့တွင်စိတ်ပျက်ခြင်း သည် အဆိုးဆုံးဖြစ်၏။

ပီမိုးနင်း

၄၆၀။ သူရဲဘောနည်းသူသည် အန္တရာယ်ကြုံလျှင် ခြေထောက်ဖြင့် စဉ်းစား၏။

ဘီးယပ်

၄၆၁။ အန္တရာယ်ဟူသည် ဉာဏ်စွမ်းကြီးသူအတွက် တွန်းအားပင်။

ချပ်မင်း

၄၆၂။ ဖိနပ်ချုပ်သမားသည် ဖိနပ်ကောင်းကောင်းကို ချုပ်နိုင်၏၊ အဘယ်ကြောင့်ဆိုသော် သူသည် အခြားဘာကိုမျှ မလုပ်နိုင်သောကြောင့်ပင်။

အီမာဆင်

၄၆၃။ ကြီးမြတ်သူများသည် ကမ္ဘာကြီးအလင်းရောင်ရရန် ပေါ်လာသော ကြယ်တံခွန်များ။

နပိုလီယံ

၄၆၄။ ပျော်ရွှင်ခြင်း ဆိုသည်မှာ ကြိုက်ရာကို လုပ်ရခြင်း မဟုတ်၊ လုပ်ရသည်ကို ကြိုက်ခြင်း။

ဂျေအမ်ဘာရီ

၄၆၅။ အလုပ်ကို ကစားသလိုလုပ်ရမည်၊ သို့သော်လည်း တကယ်ကစားခြင်း၊ ချန်ပီယံရအောင် ကစားခြင်း ဖြစ်စေရမည်။

ပီမိုးနင်း

၄၆၆။ အပြစ်မရှိဘဲလျက် ပရိသတ်အလယ်၌ စော်ကား ရိုင်းပျစွာ အပြောခံရသဖြင့် ပြန်၍ချေပခြင်းသည် ပြန်၍ ရိုင်းစိုင်းခြင်းပင် ဖြစ်၏။ ပြုံး၍နေလျှင် စော်ကားသူ ရှက်လိမ့်မည်။ ထပ်၍စော်ကားလျှင် ပရိသတ်သည် အသင်ဘက်၌ရှိ၏။

ပီမိုးနင်း

၄၆၇။ မျက်စိကား ကိုယ်၏ဆီမီးဖြစ်၏။ ထို့ကြောင့်မျက်စိ ကြည်လင်လျှင် တစ်ကိုယ်လုံး လင်းလိမ့်မည်။ မျက်စိ မြေးရှက်လျှင် တစ်ကိုယ်လုံး မိုက်လိမ့်မည်။

ရှင်မဿဲ

၄၆၈။ သင်၏ အဆင်းသော်ကား မှောင်မိုက်ဖြစ်လျှင် ထိုအမိုက်သည် အလွန်မိုက်စွတကား။

ရှင်မဿဲ

၄၆၉။ အကယ်စင်စစ် လူမည်သည်ကား လူ၏အထွဋ်သို့ ရောက်သော်လည်း အနတ္တသက်သက်သာ ဖြစ်ပေ၏။

ဆာလံကျမ်း

၄၇၀။ ကရုဏာတော်သည် ကောင်းကင်သို့လည်းကောင်း၊ သစ္စာတော်သည်မိုးသည်းတိမ်သို့လည်းကောင်းမှီပေ၏။ ဖြောင့်မတ်တော်မူခြင်း တရားသည် ကြီးစွာသော တောင်ရိုးနှင့် တူပေ၏။

ဆာလံကျမ်း

၄၇၁။ ကိုယ့်ကိုယ်ကို မယုံရဟု ပြောလာသူကို မယုံလေနှင့်။

ဝီလျံကော့

၄၇၂။ ကောင်းမြတ်ခြင်းနှင့် ရိုးဖြောင့်ခြင်းကိုချိန်တွယ်လျှင် ရိုးဖြောင့်ခြင်းက အလေးချိန်ပိုစီး၏။

ဟိန္ဒူစကားပုံ

၄၇၃။ ရိုးဖြောင့်ခြင်းကို မည်သည့် ကောင်းမှုကုသိုလ်ကမျှ မလိုက်နိုင်၊ ကောက်ကျစ်ခြင်းကား ဒုစရိုက်မှုများ ထက် ပိုဆိုး၏။

ဟိန္ဒူစကားပုံ

၄၇၄။ လုပ်သောသူထက် ကြံသောသူက ပိုမို၍ တန်ခိုးကြီး၏။ ကြံသည်းကြံ လုပ်လည်းလုပ်ချေက အဘယ် ပြောဖွယ်ရာ ရှိပါမည်နည်း။

ပီမိုးနင်း

၄၇၅။ ကောင်းသောသူများ၏ နိဂုံးသည် ပျော်ရ၏။ မကောင်းသောသူများ၏ နိဂုံးသည် မပျော်ရချေ။ ဤကား စိတ်ကူးယဉ် ဝတ္ထုတည်း။

အော်စကာဝိုင်း

၄၇၆။ မနှစ်မြို့စရာ ဂီတသံကြားရလျှင် စကားကျယ်ကျယ် ပြော၍ ဖုံးလွှမ်းပစ်ရန် တာဝန်ရှိပေသည်။

အော်စကာဝိုင်း

၄၇၇။ ကမ္ဘာပေါ်၌ ဝမ်းနည်းစရာနှစ်ခုရှိ၏။ လိုသည်ကို မရခြင်းနှင့် လိုသည်ကို ရခြင်းပင်။

အော်စကာဝိုင်း

၄၇၈။ လိမ်ညာခြင်းသည် ကလေးအတွက်အပြစ်၊ ချစ်သူ တစ်ယောက်အတွက် အနုပညာ၊ လူပျိုအတွက်ပြိုးစီး အောင်မြင်ခြင်း၊ လက်ထပ်ပြီး မိန်းမအတွက်မူ ဝသီ ပင်။

ဟယ်လင်ရိုးလင်း

၄၇၉။ လူတစ်ယောက်သည် သူ့အကြိုက်များကို ပြောနေပြီ ဆိုလျှင် သူမကြိုက်သည့်အရာများကိုလည်းသင်ကြား ရတော့မည်။

၄၈၀။ အိတ်ထဲတွင် ဘာမျှမရှိသော ခရီးသွားသည် ဓားပြ ရှေ့တွင် သီချင်းဆိုပေလိမ့်မည်။

ဂျူးပန်

၄၇၁။ ရဲမက်ပျိုသည် မြင်းအိုကို စီးသင့်၏။

သောမတ်ဖူးလား

၄၇၂။ အားလပ်ချိန်ဆိုသည်မှာအသုံးဝင်သောတစ်စုံတစ်ခုကို လုပ်ရန် အချိန်ဖြစ်၏။

နသန်နေးဟောင်း

၄၇၃။ ဆင်ခြင်ဉာဏ် မပါသော စိတ်ရိယသည် အမှောင်၌ စမ်းတဝါးဝါး လမ်းလျှောက်ခြင်း။

အိုက်ဇက်နယူတန်

၄၇၄။ ချမ်းသာမှုနှင့်ရင်း၍ ချမ်းသာသုခကိုမရ၊ဆင်းရဲဒုက္ခဖြင့်သာ ချမ်းသာသုခကို ရနိုင်၏။

ဗုဒ္ဓ

၄၇၅။ လူနည်းစုသည် အမြဲလိုလို မှန်ကန်နေတတ်၏။

ဆစ်ဒနီစမစ်

၄၇၆။ သင်က ဖွင့်မကြည့်ဘဲ ကစ်လုံးမျှမဖတ်ဘဲထားသည့် တိုင် စာအုပ်များသည် ဆွဲဆောင်နိုင်ဆုံးအိမ်ထောင် ပရိဘောဂများဖြစ်၏။

ဆစ်ဒနီစမစ်

၄၇၇။ အတွေ့အကြုံဆိုသည်မှာ အမှားများကို နာမည်ပေး ထားခြင်းပင် ဖြစ်၏။

အော်စကာဝိုင်း

၄၇၇။ လူတော်လူကောင်းသည် တစ်ပါးသူ ထိခိုက်အောင် မည်သည့်အခါမျှ မတော်တဆ မပြုချေ။

အော်စကာဝိုင်း

၄၇၉။ ယုံသောစိတ်မရှိဘဲ ကျင့်သမျှသော အကျင့်တို့သည် အပြစ်ရှိကြ၏။

ရောမသြဝါဒစာ

၄၈၀။ အိုးထိန်းသမားသည် အိုးမြေကို ပိုင်သည်မဟုတ်လော၊ အိုးမြေတစ်ပုံတည်းနှင့် အိုးမြတ်အိုးယုတ်ကို လုပ်နိုင်သည်မဟုတ်လော။

ရောမသြဝါဒစာ

၄၈၁။ မကောင်းမှုကို အောင်ပြီးသောကြောင့် ဗြာဟ္မဏဟု ခေါ်၏။ မကောင်းမှုငြိမ်းခြင်းငှာကျင့်သောကြောင့် သမဏဟု ခေါ်၏။ မိမိအညစ်အကြေးကို ထုတ်ပယ်သောကြောင့် ပဗ္ဗဇိကဟု ခေါ်၏။

ဗုဒ္ဓ

၄၈၂။ ရာဂနှင့်တူသော မီးမရှိ၊ ဒေါသနှင့်တူသော ဖမ်းယူခြင်းမရှိ၊ မောဟနှင့်တူသော ကွန်ရက်မရှိ၊ တဏှာနှင့်တူသော မြစ်မရှိ။

ဗုဒ္ဓ

၄၉၃။ ဆင်ခြင်တုံစိတ်သည် ထက်သော ဓားနှင့် တူ၏။ သုံးသူလက်ကို သွေးထွက်စေ၏။

တဂိုး

၄၉၄။ အများအတွက် သင့်တံခါး အားလုံးကို ပိတ်ထားလျှင် အမှန်တရားသည်လည်း အတားဆီးခံနေရပေမည်။

တဂိုး

၄၉၅။ အလင်းရောင်ပေးသည့် မီးတောက်ကို ကျေးဇူးတင်နိုင်ပါသည်။ သို့သော် အမှောင်ထဲ၌ ကြာရှည်လေးမြင့်စွာ စောင့်နေသူ မီးအိမ်ရှင်ကို မမေ့ပါနှင့်။

တဂိုး

၄၉၆။ တရားကိုမကျင့်ဘဲ နာရုံမျှသာ ပြုသောသူသည် ကားမှန်၌ မိမိပကတိမျက်နှာကို ကြည့်သောသူနှင့် တူ၏။ အကြောင်းမူကား ကိုယ်ကိုကြည့်ပြီးမှ အခြားသို့သွား၍ မိမိအဆင်းသဏ္ဌာန်ကို ချက်ချင်း မေ့လျော့တတ်၏။

ရှင်ယာကုပ်သြဝါဒစာ

၄၉၇။ အချင်းချင်း ချစ်မေတ္တာမှတစ်ပါး အဘယ်ကြွေးမျှ မတင်စေနှင့်၊ သူတစ်ပါးကို ချစ်သော သူသည် အကျင့်တရားနှင့် ပြည့်စုံပြီ။

ရောမသြဝါဒစာ

၄၉၈။ ငှက်ငယ်၏ အတောင်တစ်စုံကို ရွှေချပေးလိုက်သည်နှင့် ထိုငှက်သည် ပျံဝဲနိုင်တော့မည် မဟုတ်။

တဂိုး

၄၉၉။ ငှက်ကလေးများက တိမ်လွှာ၏ဘဝကို သဘောကျ၏။ တိမ်လွှာတို့က ငှက်ကလေးများကဲ့သို့ ဖြစ်ချင်နေသည်။

တဂိုး

၅၀၀။ စံဝင်တဲ့ကဗျာဆိုတာ ဝင်းထဲက မြေးလမ်းပေါ် ပတ်ချာလည်ပြေးနေတဲ့ ပြိုင်ကားမျိုးမဟုတ်၊ အကူအညီ လိုနေတဲ့လူဆီ ကူညီဖို့သွားနေတဲ့ လူနာတင်ကားမျိုးပဲ ဖြစ်တယ်။

ယက်ဖတူရှင်ကို

၅၀၁။ ခံယူချက် ရည်ရွယ်ချက်ကို ပေါင်မုန့်နဲ့ အစားထိုးမရဘူး။ ပေါင်မုန့်ကိုတော့ ခံယူချက် ရည်ရွယ်ချက်တွေနဲ့ အစားထိုးနိုင်တယ်။

ယက်ဖတူရှင်ကို

၅၀၂။ ကဗျာဟာ မိန်းမနဲ့တူတယ်၊ မိန်းမဟာ ကိုယ့်ယောကျ်ား သစ္စာဖောက်တာကို ဘယ်တောမှ ခွင့်မလွှတ်တတ်ကြဘူး။

ယက်ဖတူရှင်ကို

၅၀၃။ စိတ္တာပညာရပ်တိုင်းသည် အဘိဓမ္မာ တစ်ရပ်အဖြစ် အစပြုကာ အနုပညာတစ်ရပ်အဖြစ် အဆုံးသတ်ကြ၏။

ဝဲလ်ဒူရင့်

၅၀၄။ မြတ်စွာဘုရားသည် အချောင်လိုက်ကြဟူ၍ တစ်ကြိမ်မျှ ဟောတော်မမူခဲ့ဖူးချေ။

ထွန်းနေ့စဉ် ဦးထွန်းဖေ

၅၀၅။ စိတ်ပျော့သူကို စကားသံဖြင့် ခြိမ်းခြောက်နိုင်သော်လည်း၊ အသိရှိသူကိုမူ အနှစ်သာရပါသော စကားလုံးများကသာ လွှမ်းမိုးနိုင်၏။

ဂျီးဇက်ဘော်လ်

၅၀၆။ သင်၏ ဖိနပ်ချွတ်တွင် မသန့်ရှင်းဘဲ သူတစ်ပါး အိမ်ခေါင်မိုးက ဆီးနှင်းကို သုတ်ရန် မကြံပါနှင့်။

ကွန်ဖြူးရှပ်

၅၀၇။ အမှန်တရားကြီးတစ်ခု လုပ်နိုင်ရန် သေးမွှားသော အမှားကလေးတစ်ခု လုပ်လိုက်ပါ။

ရှိတ်စပီးယား

၅၀၈။ တရားသူများ၏ လုပ်ဆောင်မှုအားလုံးသည် ရနံ့သင်းပြီး မြေသို့ကြွေသည့်တိုင် ပွင့်လန်းနေမည်။

ဂျိမ်းရှယ်လီ

၅၀၉။ အမှန်တရား ပြောရန် လူနှစ်ယောက်လို၏။ တစ်ယောက်ကပြောရန်၊ တစ်ယောက်က ကြားနာရန် ဖြစ်သည်။

အိပ်(ချ်)ဒီသိုရော

၅၁၀။ ကြာရှည်စွာအငြင်းပွားရသော ပြဿနာသည် နှစ်ဦးနှစ်ဖက် မှားယွင်းသောကြောင့်ပင် ဖြစ်၏။

ဗော်လတဲယား

၅၁၁။ လူတိုင်းတတ်မြောက်နိုင်သောပညာဖြင့် အသက်မွေးသူသည် လူတိုင်းသင်၍ မတတ်နိုင်သော ပညာဖြင့် အသက်မွေးသူတို့ကို မည်သည့်အခါမျှ မမီနိုင်။

မဟာဆွေ

၅၁၂။ ငွေကွက်ခြင်း အမျိုးမျိုးသည် အလုပ်တာဝန်ကို နှောင့်ယှက်တတ်၏။

လယ်တီပဏ္ဍိတ ဦးမောင်ကြီး

၅၁၃။ အတင်ကြီးခံလိုသောဆန္ဒသည် လူ၏အမြင့်ဆုံးဆန္ဒ။

ဝီလျံဂျိမ်း

၅၁၄။ အထက်လူကြီး၏ ပြစ်တင်ကြိမ်းမောင်းခြင်းလောက် လူတစ်ယောက် အရည်အချင်းကို တုံးစေသော အရာမရှိ။

ရှပ်

၅၁၅။ မနာလိုခြင်းသည် အခြေအမြစ်မရှိသော ဒုက္ခ။
ဝဲလ်

၅၁၆။ စိတ်တို့သည် ညစ်မည်ဆိုလျှင် ညစ်သည်ထက် တိုး၍ တိုး၍ ညစ်ညစ်လာတတ်၏။
သခင်ဘသောင်း

၅၁၇။ မိမိကိုယ်မိမိ အထင်ကြီးခြင်းသည် လူနှင့် တိရစ္ဆာန်တို့၏ ခြားနားချက်။
ဒေးကာနက်ဂျီ

၅၁၈။ လူတို့သည် ကိုယ့်စိတ်ကိုယ် နိုင်သလောက် ချမ်းသာကြ၏။
လင်ကွန်း

၅၁၉။ မရှိမဖြစ် အကောင်းဆုံးပစ္စည်းမှာ မျှော်လင့်ချက်၊ အဆိုးရွားဆုံးကား စိုးရိမ်မှု။
စထရောင်း

၅၂၀။ အနုပညာ၏တန်ဖိုးသည် လုပ်မှုတွင်မတည်၊ မှန်ကန်သော ပြုမှုချက်၌သာတည်၏။
မော်ဂင်

၅၂၁။ ပျင်းတိုင်းမဆင်းရဲ၊ ဖျင်းမှ ဆင်းရဲ၏။ ဝီရိယရှိတိုင်း မကြီးပွား၊ စိတ်ကူးဉာဏ်ရှိမှ ကြီးပွားလေသည်။
ပီမိုးနင်း

၅၂၂။ ဒေါသသည် မိုက်ရူးခြင်းကြောင့် စ,ပြီး၊ နောင်တဖြင့် အဆုံးသတ်၏။

ပိုက်သာဂိုရပ်

၅၂၃။ လုပ်ချင်သည့်အရာကို လုပ်ချင်သည့်အချိန်၌ လုပ်ချင်သလို လုပ်နိုင်သော အရသာထက် ထူးမြတ်မြိန်ရှက်သည့် အရသာသည် လောက၌ မရှိနိုင်။

တိုးတက်ရေး ဦးသိမ်း

၅၂၄။ ငွေကိုကောင်းစွာအသုံးချတတ်လျှင်ဖျတ်လတ်သော ကျေးကျွန်၊ အသုံးမချတတ်လျှင် နှိပ်စက်လွန်းသော သခင်မ။

တိုရေ့စ်

၅၂၅။ အကြင်အရပ်၌ မိုက်သူနှင့် လိမ္မာသူ၊ ပျင်းသူနှင့် လုံ့လရှိသူ၊ ကြောက်တတ်သူနှင့် ရဲရင့်သူများကို အထူးအခြားမရှိ၊ ထပ်တူပူဇော်ချီးမြှောက်အံ့။ ထိုအရပ်မျိုး၌ ပညာရှိသည် တစ်စုံတစ်ရာ အကျိုးထင်မည် မဟုတ်၍ မနေအပ်။

တိုးတက်ရေး

၅၂၆။ ငွေကို လူက ရှာသည်ထက် ငွေကိုငွေက ရှာခြင်းက ပိုအရမြန်၏။

တိုးတက်ရေး

၅၂၇။ တောင်ထိပ်ကို မော်၍မကြည့်နှင့်၊ အဘယ်အထက်ကို နင်းလျှင် ခြေမြဲမည်ကိုကြည့်၊ ခြေကုပ်ရမည့် နေရာမှာ ခြေကိုချ၊ နောက်ဆုံးခြေလှမ်းသည် တောင်ထိပ်ပေါ်မှာ ကျလိမ့်မည်။

ပီမိုးနင်း

၅၂၈။ မြင်ပါများက ငယ်၏။ နမ်းပါများက ပြယ်၏။ ပြောပါများက ရယ်၏။

တိုးတက်ရေး

၅၂၉။ လောကကြီး၌ အကြီး ဆုံးသော ရန်သူ သည် အကြောက်ဖြစ်၏။ ကြောက်ရွံ့ခြင်းသည် ကြောက်မက်ဖွယ်အကောင်းဆုံးဖြစ်၏၊ အကြောက်ထက်ပို၍ ကြောက်မက်ဖွယ်ကောင်းသော တရား မရှိပေ။

ပီးမိုးနင်း

၅၃၀။ သေးငယ်သော ကိစ္စကို တင်းမာမိသည့်အတွက် ကြီးကျယ်သောကိစ္စတွင် အကြီးအကျယ် နစ်နာတတ်၏။

တိုးတက်ရေး

၅၃၁။ တိုင်နှစ်လုံးဆက်ရာတွင် တစ်ဘက်တစ်ဝက် ထစ်၍ လျှော့ပေးမှ ခိုင်မြဲခိုင်၏။

တိုးတက်ရေး

၅၃၂။ ဤကမ္ဘာကား ခါတ်ဆီပုံးများကို ကိုယ်ပေါ်တင်ပြီး မီးပုံကြီးရှိရာသို့ မဆင်မခြင်ပြေးနေသောကမ္ဘာကြီး။

လူ့ဂိုက်ဂျော့

၅၃၃။ ဘာမျှမလုပ်သူ၏ အကြံဉာဏ်ကို နားထောင်လျှင် သင်လည်း ဘာမျှလုပ်မည် မဟုတ်။

လူ့ဂိုက်ဂျော့

၅၃၄။ စိတ်ညစ်ခြင်းသည် အမှောင်နှင့် တူ၏။ စီရိယ၊ စိတ်အား၊ ဉာဏ်မျက်စိပါ မှောင်တတ်လေသည်။

ပီမိုးနင်း

၅၃၅။ သစ္စာဆိုသောသဘောခါတ်သည် တန်ခိုးကြီးလှ၏။ သစ္စာ အမြဲတည်ရှိသောသူ၏ ပြုလုပ် ပြောဆိုခြင်းများသည် သစ္စာ၏ အစွမ်းအားဖြင့် အမြဲပင် အောင်မြင်ရမည် ဖြစ်လေသည်။

လယ်တီပဏ္ဍိတ

၅၃၆။ သင့်အဖို့ အကောင်းဆုံးနေ့သည် ယနေ့ ဖြစ်သည်။

ဆယ်သန်း

၅၃၇။ စိတ်ကိုပြောင်းလျှင် လူပါပြောင်းသည်။

တိုးတက်ရေး

၅၃၈။ အလုပ်ရှုပ်သူသည် အလုပ်များခြင်းမဟုတ်၊ အချို့သော သူများမှာ အလုပ်အနည်းငယ်နှင့် ရှုပ်နေကြ၏။ အချို့သောသူများ၌ အလုပ်အများကြီးနှင့် ရှင်းနေကြလေသည်။

ပီမိုးနင်း

၅၃၉။ လူမှန်လျှင် ကံကောင်းသူများ ဖြစ်ရမည်ကို ယုံကြည်သင့်၏။ ဉာဏ်နှင့် ဝီရိယသာ လိုတော့၏။

ဒဂုန်နတ်သျှင်

၅၄၀။ အားနာခြင်းသည် လူတစ်ဘက်သားအထင်အမြင်ကို ကြောက်ရွံ့ခြင်းပင် ဖြစ်လေသည်။

ပီမိုးနင်း

၅၄၁။ တက်လမ်းသည် ရှင်းရှင်းလင်းလင်း မရှိ၊ ဆင်းလမ်းမှာမူကား တစ်ဖြောင့်တည်း ဖင်းနေ၏။

ဒဂုန်နတ်သျှင်

၅၄၂။ သင့်တံခါးများကို ပိတ်ထားခြင်းဖြင့် အိမ်နီးချင်းများ၏ ရိုးသားဖြောင့်မတ်မှုကို သင် ရနိုင်သည်။

စပိန်စကားပုံ

၅၄၃။ လူအများ၌ မတရားမှု ခံကြရမည်ကို စိုးရိမ်စိတ်သည် တရားမှုကို ချစ်သောစိတ်ပင်။

ဂိုချီဖိုကောလ်

၃၄၄။ လူသည် လွတ်လပ်စွာ မွေးဖွားခဲ့၏။ သူ့အတွက် နှောင်ကြိုးများကား နေရာတိုင်း၌ ရှိနေ၏။

ဂျိမ်းရောဂျား

၃၄၅။ မျှော်လင့်ခြင်းဖြင့် ရောင့်ရဲနေသူသည် စိတ်ပျက်ခြင်းဖြင့် အဆုံးသတ်ရသည်။

အီတလီစကားပုံ

၃၄၆။ မည်သူမှန်သည်ထက် မည်သည့်အရာက မှန်သည်ကို အလေးထားပါ။

ဟတ်စလေ

၃၄၇။ လူနုံများသည် ကိုယ့်ကိုယ်ကို လူနုံများဟု ဘယ်အခါမျှ မသိကြချေ။

တရုတ်စကားပုံ

၃၄၈။ ပညာဗဟုသုတ မရှိ၊ စိတ်ကူးဖြင့်သာ အချိန်ကုန်နေသူမှာ တောင်ပံသာရှိပြီး ခြေမရှိသော ငှက်နှင့်တူ၏။

ဂျူဘတ်

၃၄၉။ အသက်ကြီးလေ အမိုက်လည်း ပိုလေ၊ အလိမ္မာလည်းပိုလေ။

ရိုချ်ဖောင်ကော

၅၅၀။ လူတိုင်းကိုမေတ္တာထားပါ၊ ၎င်းတို့၏ ဒုစရိုက်ကိုသာ မုန်းပါ။

ဘာရန်းနက်

၅၅၁။ ရွှေသည် မသူတော်များအဖို့ ကန့်လန့်ကာ၊ ရွှေကို ဆင်ထားလျှင် ၎င်းတို့ အကျင့်ကို အမှန် မမြင်ရ တော့ချေ။

ဖယ်(လ်)သန်

၅၅၂။ ဆာလောင်နေသော တရားသူကြီးများသည် စီရင်ချက်ကို အမြန် လက်မှတ်ထိုးပြီးသည်နှင့် ကံခေသူ များမှာ စက်တိုင်တက်ရတော့၏။

အလက်ဇန်ဒါပုပ်

၅၅၃။ ဥပဒေပေါင်တစ်ပေါင်၌ မေတ္တာတရားတစ်အောင်စ မရှိပါ။

.... .... ....

၅၅၄။ စုပ်စုံခြင်းမရှိသေးမီ ခုခံကာကွယ်ပါ၊ တောင်းပန် ခြင်းကို မပြုပါလေနှင့်။

ချားမင်းသား

၅၅၅။ မြေခွေးသည် သင်၏ ကြက်များကို ခိုးစားကောင်း ခိုးစားမည်။ ရှေ့နေကား သင်၏ပိုင်ဆိုင်မှုအားလုံးကို ခိုးယူပေလိမ့်မည်။

ဂျွန်ဂေး

၁၁၆။ ရိုးသားမှန်ကန်သော အကြံဉာဏ်ကို ပေးပြီးသည်နှင့် သင့်ခြေဘစ်ဖက်ကို တံခါး အပြင်ဘက်သို့ လှမ်းထားပါ။

အာနိုးဂလက်စကို

၁၁၇။ အမှုဖြစ်ခြင်းသည် အချိန်၊ ငွေ၊ မိတ်ဆွေနှင့် အားလပ်နားနေမှုတို့ကို ကုန်ဆုံးစေ၏။

ဂျော့ဟားဘတ်

၁၁၈။ ဖြစ်မှုဟူသည် နောင်တ တရားဖြင့်သာ ပြန်လည်ပေးဆပ်နိုင်၏။

ဗစ်တာဟူးဂိုး

၁၁၉။ လျှာဖြင့်သာ ငါကျမ်းကျိန်၏။ စိတ် နှလုံးသည်ကား ကျမ်းမကျိန်ချေ။

လက်တင်ဆိုရိုး

၁၆၀။ ဥပဒေများ ပိုများလာ၏။ ဥပဒေ ချိုးဖောက်သူများလည်း ပို၍များလာ၏။

လက်တင်ဆိုရိုး

၁၆၁။ တရားရုံးသို့ အမှု ဆိုင် သွားသော မြို့တော်ဝန်၏ သားသည် စိတ်ပူပန်မှု မရှိချေ။

စပိန်ဆိုရိုး

၅၆၂။ စားကျက်ကောင်းများက ဝဖီးသော သိုးများကို ဖြစ်စေ၏။

.... .... .... ....

၅၆၃။ ဆင်းရဲဒုက္ခ ရောက်ခြင်းသည် မရိုးသားမှု၊ ရိုးသားမှုကို ကြည့်ရာ မှတ်ကျောက်ပင်။

ဖီလဒ္ဒင်

၅၆၄။ မြင့်မြတ်သောဘဝမှ လူရယ်စရာဘဝ ရောက်ရန်မှာ ခြေတစ်လှမ်းစာသာ ဝေးသည်။

နပိုလီယန်

၅၆၅။ မိုးသည်တရားသောသူအပေါ်၌သာပို၍ရွာသွန်း၏။ အဘယ်ကြောင့်ဆိုသော် မတရားသော သူသည် တရားသော သူ၏ ထီးကို ခိုးယူထားသောကြောင့်ပင်။

လော့-ဆိုဝင်

၅၆၆။ ပြင်းထန်သော ပြစ်ဒဏ်ထက် မှန်ကန်သော ပြစ်ဒဏ်က ပြစ်မှုတားဆီးပပျောက်ရေးကို ပိုထိရောက်စေ၏။

လီနင်

၅၆၇။ အမှောင်မှာ အရောင်မကွဲပါ။

ဆာဖရန်စစ်ဘေကင်

၃၆၈။ အမှန်တစ်ဝက်ပါသော မုသားသည် မုသားတကာတွင် အဆိုးဆုံး။

အဲဖရက်တင်နီဆင်

၃၆၉။ ဆင်ကဲ့သို့ အရိပ်ကြီးထင်အောင် ကြွက်သည် မကြံစည်ထိုက်။

ဘောဇတ်ဖူးလား

၃၇၀။ ယေဘုယျမှတ်ယူချက်များသည် ယေဘုယျအားဖြင့် လွဲမှားသည်။

လေဒီ-မွန်တိတ်

၃၇၁။ ငါတို့သည် အဘယ့်ကြောင့် အနောက်တိုင်းယဉ်ကျေးမှု၏ မင့်နှိပ်စက္ကူ ဖြစ်ရမည်နည်း။

ဂန္ဒီ

၃၇၂။ အာရုံများကို မချုပ်ထိန်းနိုင်ခြင်းသည် ပဲ့မပါသော သင်္ဘော စီးခြင်းနှင့် တူ၏။ အဦးဆုံး ကျောက်ဆောင်၌ပင် ပျက်စီးခြင်း တွေ့ပေမည်။

ဂန္ဒီ

၃၇၃။ သေခြင်းသည် နတ်ဆိုး မဟုတ်၊ သစ္စာ အရှိဆုံး မိတ်ဆွေ။

ဂန္ဒီ

၅၇၄။ လူအားလုံးသည် သာမန်လူမျှသာ ဖြစ်၏။ ထိုသာမန်လူဖြစ်ကြောင်းကို သိသူသာ ထူးခြားသောလူ။

ချက်ကောတန်

၅၇၅။ ငယ်ရွယ်ချိန်၌ နေ့တာတို၍ နှစ်တာရှည်လှသည်၊ အိုမင်းသောအခါ၌မူ နေ့တာရှည်၍ နှစ်တာတိုလှသည်။

မာနင်

၅၇၆။ လူတစ်ဦးသည် အမှန်ပြုသောအခါ၌ မည်သူမျှမသိကြချေ။ သို့သော် အမှားလုပ်သောအခါ၌မူကား ကျွန်ုပ်တို့အားလုံး သိကြသည်။

ဂွည်ထယ်

၅၇၇။ ချေးမတစ်ယောက်တည်းရှိစဉ်ကအိုးတိုင်းရေပြည့်၏။ ချေးမနှစ်ယောက် ဖြစ်လာသောအခါ၌ တစ်အိုးမှ ရေမရှိတော့။

တရုတ်စကားပုံ

၅၇၈။ ခေတ်ပုံများသည် ပကတိမူလထက် လှတတ်ခမ်းနားတတ်၏။

သိန်းဖေမြင့်

၅၇၉။ ဒုက္ခကို မတွေ့ခဲ့ရဖူးသေးသောသူသည် လောက၏အကြောင်း ဘာမျှနားမလည်။ ..............

၅၈၀။ အမှောင်အတိဖြစ်နေသည်ကို ဆဲနေဖို့ထက်၊ ကိုယ်တိုင်ဖယောင်းတိုင်တစ်တိုင်ထွန်းညှိပေးဖို့ကောင်း၏။

ကွန်ဖြူးရှပ်

၅၈၁။ စကားနှင့်အစား သည်နှစ်ပါးမှာ အစားမညီသော် တရှုတ်ရှုတ်၊ စကားမညီသော် တရှုပ်ရှုပ်။

လုံးတော်ဆရာတော်

၅၈၂။ စကား အပေါင်းကို အုပ်ထားသည်ကား ကတိ၊ တရားအပေါင်းကို ချုပ်သည်ကား သတိ။

ကျည်းကန်ရှင်ကြီး

၅၈၃။ အသုံးမဝင်သော အသက်ရှင်ခြင်းသည် စောစောသေနေခြင်းပင်။

ဂိုဘီ

၅၈၄။ ယနေ့လုပ်ရမည်ကို ယနေ့လုပ်ပါ၊ နက်ဖြန် မည်သည့်အလုပ်များ ပေါ်လာမည်ကို မသိနိုင်။

ဖရင်ကလင်

၅၈၅။ လူတစ်ဦး၌ ကိုယ်ပိုင်သတ္တိ အပုံတစ်ရာရှိလျှင် ဆယ်ပုံသာ အသုံးချနိုင်၏။

ဝီလျံဂျိမ်း

၃၇၆။ အသက်ကိုချစ်လျှင် အချိန်နည်းကလေးများကိုပင် အဖြုန်းမခံပါနှင့်၊ ထိုအချိန်နည်းကလေးများကို စုပေါင်းထားခြင်းသည်ပင် အသက် ဖြစ်ပါသည်။

ဖရင်ကလင်

၃၇၇။ ချမ်းသာရန် ကူးသန်းရောင်းဝယ်ပါ၊ ဂုဏ်ရှိရန် အလုပ်လုပ်ပါ။

ဖရင်ကလင်

၃၇၈။ အချိန်ကို ငါဖြုန်းခဲ့၏။ သို့ရာတွင် ယခု အချိန်က ငါ့ကိုဖြုန်းနေပြီ။

ရှိတ်စပီးယား

၃၇၉။ အချိန်ကို ချွေတာခြင်းသည် ငွေတိုးချေးခြင်းထက် အမြတ်များ၏။

ဂလက်စတုန်း

၃၈၀။ အလုပ်လုပ်လိုသူ၌ အလုပ်ပေါ၏။ ဆင်ခြေပေးနေသူ အတွက်ကား မရှိသည်ထက် ရှား၏။

ဦးပဂျိုင်

၃၈၁။ ကြိုက်သည့်အလုပ်ကို လုပ်ခွင့်မရပါလျှင် ရသည့် အလုပ်ကို ကြိုက်အောင်လုပ်ပါ။

ဖော့စဒစ်

၅၉၂။ မည်သူမှ အထွတ်အထိပ်၌ အမြဲ မတည်နိုင်ပါ။ အထွတ်အထိပ်ရောက်ရခြင်းသည်သာ ထူးခြားချက် ဖြစ်၏။

ဒေါ်ခင်မျိုးချစ်

၅၉၃။ လှေကားတစ်ထစ်ကို တစ်ချက်တည်း ခုန်မတက်နိုင် သော်လည်း တစ်ချက်တည်း ခုန်ကျော်၍ အောက် သို့ ကျမည်ဆိုလျှင် များစွာလွယ်ကူလေ၏။

ပီမိုးနင်း

၅၉၄။ အကြိမ်တစ်ရာ ကြားဖူးခြင်းထက် တစ်ကြိမ်တွေ့မြင် ဖူးခြင်းက ပို၍ကောင်း၏။

တရုတ်စကားပုံ

၅၉၅။ ပထမလူသည် အဖိုးတန်ပုလဲကိုရ၏။ နောက်လူသည် မုတ်ခွံကိုသာရ၏။

............

၅၉၆။ ပြန်လည်ငယ်ရွယ်လိုသူသည် မိုက်မဲမှုကို နှစ်ကြိမ်ပြန် လုပ်လိုသူသာ။

အော်စကာဝိုင်း

၅၉၇။ ချဉ်တိုင်းလည်း သေရည်မဟုတ်၊ ယဉ်တိုင်းလည်း ပြေသည်မဟုတ်၊ အင်တိုင်းလည်း သေ့မည်မဟုတ်။

ကျည်းကန်ရှင်ကြီး

၃၉၈။ မှားဖူးမှ မှန်တတ်သည်။ ဆိုးဖူးမှ ကောင်းသည်။ စောင်းဖူးမှ တည့်သည်။

တောင်ဖီလာဆရာတော်

၃၉၉။ နိုင်ငံရေးသမားဖြစ်ဖြစ်၊ ဘုန်းကြီးဖြစ်ဖြစ်၊ လူဖြစ်ဖြစ်၊ ယောကျ်ားမိန်းမ ဘယ်သူဖြစ်ဖြစ်၊ စကားပရိယာယ် ကြွယ်ဝလာလျှင် သိပ်ပြီးစိတ်မချဘူး။

သခင်ကိုယ်တော်မှိုင်း

၄၀၀။ လျှင်မြန်စွာ ဆုံးဖြတ်တတ်သော အလေ့အကျင့်ကို အလိုရှိခဲ့လျှင် နားနှင့်မျက်စိကို ဖွင့်ထားရမည်။

ရွှေဥဒေါင်း

၄၀၁။ ပျောက်ကင်းပြီးတဲ့အနာက တဖန်ထလာပြီဆိုလျှင် လွန်စွာ အကုရခက်တာမျိုးကလား။

လယ်တီပဏ္ဍိတ ဦးမောင်ကြီး

၄၀၂။ သင်သည် မှန်ကန်နေလျှင် ယောကျ်ားတစ်ယောက် ကဲ့သို့ ငြင်းပါ။ မှားနေလျှင် မိန်းမတစ်ယောက် ကဲ့သို့ ငြင်းပါ။

ပီဂျေတောလက်

၄၀၃။ သင်ကိုယ်တိုင် စိတ်ဝင်စားသောအရာကို ဘယ်တော့မှ စာမရေးပါနှင့်။

တော်စတွိုင်း

၆၀၄။ ယုန်၏ အပြေးမြန်ခြင်းကို ခွေးလိုက်မှသိရ၏။ ထို့အတူ လူစွမ်းလူစကို အခက်ကြုံမှသိရ၏။

ဒဂုန်နတ်သျှင်

၆၀၅။ ဉုံ-မမောင်နဲ့ မကြွားနဲ့၊ မစော်ကားနဲ့၊ မရမ်းကားနဲ့၊ ဖွ-ကုပ်ကုပ်နေ။

ရွှေဒိုးဘိအောင်

၆၀၆။ အမှန်တရားသည် မိန်းမနှယ်ပင်၊ သစ်လွင်နေတုန်းသာ ကောင်း၏။

ဂေါ်ကီ

၆၀၇။ လူ့စိတ်သည် နာရီကဲ့သို့ အမြဲသော့ပေးရန်လို၏။

လစ်တ်

၆၀၈။ ပျော်ရွှင်စိတ်သည် ဖျတ်လတ်စိတ်ကိုပေး၏။ ဖျတ်လတ်စိတ်သည် အလုပ်ကို မြန်စွာပြီးစေ၏။

ဒေါက်တာမာဆင်

၆၀၉။ မည်သည့်ကိစ္စမျှမခံပေ၊ မိမိကရှုံးပြီဟု အရှုံးမပေးသေးသမျှ ကာလပတ်လုံး မရှုံးသေးကြောင်း သတိပြုပါလေ။

ရွှေဥဒေါင်း

၆၁၀။ ကျွန်ုပ်တို့သည် အလွန်ငယ်ရွယ်စဉ်အခါက ဆိုလျှင် တည့်တည့်မတ်မတ် မှန်ကန်ဖြတ်သားအောင် မဆုံးဖြတ်နိုင်ကြ။ ကြီးရင့်သည်ထက် ကြီးရင့်အိုမင်းသွားသောအခါ၌လည်း ထိုနည်းရင်းပင် ဖြစ်ကြပါသည်။

ပါစကယ်

၆၁၁။ စကားပြောကောင်းခြင်းသည် ထင်ပေါ်ကျော်ကြားခြင်း ဖြတ်လမ်း။

ဒေးကာနက်ဂျီ

၆၁၂။ သင့်ကိုယ်ကို အဆုံးဖြတ်မခံချင်သောအရာနှင့် သူတစ်ပါးကို မဆုံးဖြတ်ပါနှင့်။

..........

၆၁၃။ ပြုံးသူ၌ ဘာမျှလျော့မသွား၊ အပြုံးခံရသူ၌ကား အများကြီးရလိုက်၏။

အာဗင်ပလက်ချော

၆၁၄။ ဒေါသထွက်စဉ်၌ လူတိုင်း စကားပြောကောင်းကြ၏။

ဒေးကာနက်ဂျီ

၆၁၅။ လောက၌ ကဲ့ရဲ့သူမရှိလျှင် ကဲ့ရဲ့ဖွယ်အလုပ်ကိုလုပ်ရန် ဂက်တွန့်မည် မဟုတ်။ ထို့ကြောင့် ကဲ့ရဲ့တတ်သော လူစုရှိနေခြင်းသည် အကျိုးရှိသည့်နေရာ၌ ရှိပေသည်။

မြို့မမောင်

၆၁၆။ ဇောက်းကင်ဘုံသည် သင့်ယုံကြည်ချက်၌ ရှိပြီး ပျော်ရွှင်ခြင်းသည် သင့်နှလုံးသားထဲ၌ရှိ၏။

အန်

၆၁၇။ ကတိပေးရာ၌ နှေးကွေးသူကား ကတိတည်သည်။

ဂူဆူ

၆၁၈။ အနုပညာသည် ဒဏ္ဍာရီထဲက ကလေးငယ်၊ ဒဏ္ဍာရီထဲက ကလေးငယ်၏ မျက်ရည်ပေါက်တိုင်းသည် ပုလဲလုံးတွေ ဖြစ်နေတတ်သည်။ ကမ္ဘာကြီးကမူ ဒဏ္ဍာရီထဲက မိထွေးဆိုးကြီးနှင့် တူပါသည်။ ကမ္ဘာကြီးက နာနာနှိပ်စက်လေ ကလေးက ပုလဲလုံးတွေ များများငိုရလေပင်။

ဟိန်း

၆၁၉။ အဆိုးဆုံးသော စားသောက်ပွဲမှာ လူချမ်းသာများသာ ဖိတ်ပြီး ဆင်းရဲသားများကို ဖယ်ထုတ်ထားသော စားသောက်ပွဲပင်။

တမန်တော်မြတ်

၆၂၀။ အလုပ်သမားအား သူ၏ချွေးမခြောက်မီ လုပ်ခကို ပေးလော့။

တမန်တော်မြတ်

၆၂၁။ ကိုယ်တွင်း၌ အသားစိုင်ငယ်တစ်ခုရှိ၏။ ထိုအသားစိုင်ငယ် ကောင်းမွန်နေက တစ်ကိုယ်လုံးကောင်းပြီး ထိုအသားစိုင်ငယ် မကျန်းမာနေလျှင် ကိုယ်ခန္ဓာတစ်ခုလုံး မကျန်းမာတော့ချေ။ ၎င်းကား အခြားမဟုတ် နှလုံးသားပင် ဖြစ်တော့သည်။

တမန်တော်မြတ်

၆၂၂။ လူသည် ပုံသွန်း၍ရသော ရွှံ့မဟုတ်၊ စိုက်ယူရသော သစ်ပင် ပင်ဖြစ်၏။ ဂါထေး

၆၂၃။ လူသည် အမြတ်ထုတ်ချင်သော သတ္တဝါ၊ အခြားမည်သည့်သတ္တဝါမျှ ထိုအလုပ်မျိုး မလုပ်ကြချေ။

အဒမ်စမစ်

၆၂၄။ အောင်ပွဲတစ်ထောင် ရှိခဲ့ငြားလည်း တခါရှုံးနိမ့်လျှင် အောင်မြင်ခဲ့ဖူးသမျှ မေ့လျော့ပစ်ကာ ရှုတ်ချကြတော့၏။ ရှိတ်စပီးယား

၆၂၅။ နိဂုံးကောင်းလျှင် အားလုံးကောင်းမည်။

ရှိတ်စပီးယား

၆၂၆။ သင်သည် သေခြင်းနှင့်ပင် ကျေနပ်ရလိမ့်မည်၊ သည်တော့ ဘဝကို အဘယ်ကြောင့် ဒုက္ခပြုလုပ်နေတော့မည်နည်း။ ဂွည်ထယ်

၆၂၇။ ဂီတသည် မျက်ရည်စမ်းတို့၏ ငွေသော့တံ၊ သောက ဟစ်ဒေသဝင်တို့၏ အနူးညံ့ဆုံးသင်းချိုင်း။

ရှယ်လီ

၆၂၈။ တကယ် ပျင်းရိသောသူသည် ပါးစပ်ထဲ ပျံ့ဝင်လာမည့် ချိုးကြော်ကိုပင် အအင်သင့်ဖွဲ့ပြီးသား မဟုတ်လျှင် စိတ်ဆိုးစွာဖြင့် အန်ဦးမည်ပင်။

ဂွည်ထယ်

၆၂၉။ ဘာသာစကားသည် လူမျိုးစရိုက်နှင့် တိုးတက်မှုကို အတိအကျ ရောင်ပြန်ဟပ်ခြင်းပင်။

ဂန္ဓီ

၆၃၀။ ဝါဖြန့်ရှိသက်သက်နှင့် မည်သည့်ဘာသာစကားမျှ မပျံ့နှံ့နိုင်ပါ။

ဂန္ဓီ

၆၃၁။ ရဲရင့်ခြင်းသည် ကိုယ်ခန္ဓာ၏ အရည်အချင်းမဟုတ်၊ စိတ်ဉာဉ်၏ အရည်အချင်းသာ။

ဂန္ဓီ

၆၃၂။ ဓားကိုလက်တွင်ကိုင်ရင်း သေဒဏ်သာ ရဲရင့်ခြင်းထက် သေခြင်းတရားကို လက်မမြှောက်ဘဲ ရဲရင့်စွာရင်ဆိုင်မှုက သာ၍ရဲရင့်၏။

ဂန္ဓီ

၆၃၃။ စွန့်လွှတ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ယုံကြည်ခြင်း၊ နှိမ့်ချခြင်းမပါဘဲ ရဲရင့်မှုကို မရနိုင်။

ဂန္ဒီ

၆၃၄။ ဆုတောင်းခြင်းသည် နံနက်၏သော့ဖြစ်ပြီး ညနေ၏ မင်းတုံးဖြစ်သည်။

ဂန္ဒီ

၆၃၅။ ဆုတောင်းခြင်းသည် ပန်ကြား လျှောက်ထားခြင်း ဖြစ်၏။ထို့ထက်ပို၍မူ အတွင်းသန္တာန်တွင် ဘုရားနှင့် တွေ့ဆုံခြင်း။

ဂန္ဒီ

၆၃၆။ မိမိ အတွင်းစိတ်သန္တာန် မြင့်မြတ်စေ လို သူသည် ဆုတောင်းခြင်းကို အားကိုးရမည်။

ဂန္ဒီ

၆၃၇။ ဆာလောင်သူသည် ထမင်းကို မြိန်ရှက်စွာစား၏။ ဆာလောင်သော ဝိညာဉ်သည် လှိုက်လှဲသော ဆုတောင်းခြင်းကိုပြု၏။

ဂန္ဒီ

၆၃၈။ ဘုရားသခင်၏ မြေပေါ်တွင် မည်သူမျှမနိမ့်၊မည်သူမျှ မမြင့်။

ဂန္ဒီ

၆၃၉။ မည်သူဖြစ်စေ မိမိကိုယ်ကို အခြားသူတစ်ဦးထက် သာသည်ဟု ယူဆခြင်းသည် ဘုရားသခင်နှင့် လူသားအား ဆန့်ကျင်သောပြစ်မှုဖြစ်၏။

ဂန္ဒီ

၆၄၀။ ကျွန်ုပ်၏ ဒဿနိကဗေဒကို သင်ကြားပေးရန် အရည်အချင်းမရှိပါ။ ကျင့်ကြံရန် အရည်အချင်းမျှသာ ရှိပါသည်။

ဂန္ဒီ

၆၄၁။ အရက်သမားတို့၏ မိန်းမများသည် အရက်မကောင်းကြောင်း နားလည်ကြ၏။

ဂန္ဒီ

၆၄၂။ ရွှေဖြင့်ပြုလုပ်ထားသော ခြေကျင်း လက်ထိပ်တို့သည် သံခြေကျင်းလက်ထိပ်တို့ထက် ပိုဆိုး၏။

ဂန္ဒီ

၆၄၃။ သူ၏ စွန့်လွှတ်မှုအတွက် သနားကြင်နာမှုရလိုသောသူသည် အညံ့စားဖြစ်၏။

ဂန္ဒီ

၆၄၄။ ခံစားချက်ကို ပုံသဏ္ဌာန်တစ်ခု အနေဖြင့် တင်ပြလိုက်သည်ကို အနုပညာဟု ခေါ်သည်။

ဒ်. လ်ဆာ့တ်

၆၄၅။ သဘာဝကို အမှန်ကန်ဆုံး တင်ပြနိုင်ခြင်းသည် အနုပညာ၏ အမြင့်ဆုံးအောင်မြင်မှု။

စီးလစ်

၆၄၆။ ငါတို့ရဲ့ အလှဆုံးတေးဆိုတာ အလွမ်းဆုံး အတွေးများကို ပြောပြသောတေးများသာ။

ရှယ်လီ

၆၄၇။ အနိမ့်ဆုံး သေချာချက်တစ်ခုရှိသည်။ ၎င်းမှာ ဘဝဟူသည် ပျံသန်းခြင်း။

အိုမာခယမ်

၆၄၈။ ပန်းချီဆွဲနေသည့် အခါတွင် ပန်းချီဆရာသည် မကြောင်းနှစ်၊ စိတ်ကူးဖြင့်တွေးတော စဉ်းစားသည့် အခါ၌မူ ကဗျာဆရာဖြစ်နေ၏။

ရှီးလား

၆၄၉။ ပညာတတ်သူသည် ချမ်းသာကြွယ်ဝသူမည်၏။

ကျမ်းမြတ်ကုရ်အာန်(၂း၂၇၀)

၆၅၀။ ဆရာကောင်း ဆရာမြတ်တို့သည် မည်သူ့ကိုမျှ သဘောတရားတခြား၊ လက်တွေ့တခြား ဖြစ်အောင် သွန်သင်ဆုံးမခြင်းမပြုချေ။

... ......

၆၅၁။ ကြေးတင်ခံလျက် အိပ်နိုးထရသည်ထက်၊ ညစာ မစားဘဲ အိပ်ရာထသည်က ကောင်းသေး၏။

.........

၆၅၂။ ပြုံးခြင်းသည် တခဏမျှကြာသော်လည်း၊ တစ်ခါ တစ်ရံ ၎င်းကို တစ်သက်မမေ့နိုင်တော့ချေ။

အာဗင်ပလက်ချာ

၆၅၃။ သူတစ်ပါးထံက ချေးငှားသူနှင့် သူတစ်ပါးကို ချေးငှားသူဟူ၍ လူအုပ်စု နှစ်စုသာရှိ၏။

ချားလင့်

၆၅၄။ သူတော်ကောင်းတို့၏ ပြည့်စုံ ချမ်းသာခြင်းသည် တစ်ပါးသူများ အကျိုးအတွက်သာ။

.........

၆၅၅။ အနုပညာကို မြှောက်ပင့်ရန် အလုပ်သည် သင်နှင့် မဆိုင်။ သင့်ကိုယ်ကိုပင် ချီးမြှောက်ဖို့သာ အလုပ် လုပ်ပါ။

နန္ဒာလဲလ် (သန္တိနိကေတန်ကျောင်းအုပ်ကြီး)

၆၅၆။ နိုင်ငံတစ်ခု၏ အနုပညာသည် နိုင်ငံ၏ ဝိညာဉ်ကို ဖော်နိုင်စွမ်းရှိနေမည်။

.........

၆၅၇။ မိမိကိုယ်မိမိ ခွင့်လွှတ်သူသည် မိမိကိုယ်မိမိ စွပ်စွဲသူ ဖြစ်၏။

စီးလိုဘတ်မူရီယာယ်

၆၅၈။ အပြစ် ဒုစရိုက်များက သမိုင်းကိုရေး၏၊ ကောင်းမွန်ခြင်းကား ဆိတ်ဆိတ်နေ၏။

ဂါထေး

၆၅၉။ လူနှင့် လောကကို အတွေး ရေစီးကြောင်းများက ရွေ့ရှားစေ၏။

လွမ်ဆင်

၆၆၀။ စိတ်ကူး တွေးတောခြင်းသည် ခရီးရှည်များနှယ် ကောင်းမွန်၏။ ထို့ပြင် ငွေကုန်ကြေးကျလည်း သက်သာသည်။

ကားတစ်

၆၆၁။ အဘွားအိုကြီးပိုင်သည့် ရွှေဖြစ်ပါစေ၊ အကျည်းတန် အရုပ်မဆိုးပါ။

သောမတ်ဖူးလား

၆၆၂။ ကောင်းမွန်သော နှလုံးသား တစ်ခုသည် ကမ္ဘာပေါ်ရှိ ဦးခေါင်းအားလုံးထက် ပို၍ကောင်းသည်။

လော့လစ်တင်

၆၆၃။ ည ၁၂ နာရီမထိုးမီ အိပ်ရာ ဝင်သူ သည် လူယုတ်မာ။

ဆင်မျူရယ်ဂျွင်ဆင်

၆၆၄။ မုသားစကားတွင်ခြေမရှိပါ၊ သတင်းစကား၌ကား တောင်ပံများရှိ၏။

ဘောမတ်ဖူးလား

၆၆၅။ ပညာတတ်သူတို့သည် ငါတတ်သည်ဟု ထင်မှတ်ထောင်လွှားကြ၏။ ပညာရှိကား ငါတတ်စရာများလှချေ၏ ဆင်ခြင်နှိမ့်ချ၏။

ကူးပါ။

၆၆၆။ မရိုးသားသူတို့မှာ ပညာတတ်လေ အကျိုးယုတ်လေး

ဟောတိန်း

၆၆၇။ လူကို စိတ်အုပ်ချုပ်သည်၊ စိတ်ကို ဉာဏ်ပညာ အုပ်ချုပ်သည်၊ ဉာဏ်ပညာကို ဗဟုသုတအုပ်ချုပ်သည်၊ သို့ပါ၍ ဗဟုသုတရှိအောင် စာအုပ်စာတမ်း အမျိုးမျိုးတို့ကို ဖတ်ကြကုန်လော့။

ပီမိုးနင်း

ဦးခင်မောင်ကြီး

(ရန်ကုန်တက္ကသိုလ်)

ကမ္ဘာ့နီတိမှတ်စုပေါင်းချုပ်

# ထင်ပေါ်ကျော်ကြား စာနှင့်စကား



စာပေ

၃၄၊ ၁၃လမ်း၊ ကန်တော်ကလေး၊ စာတိုက်၊